# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၇၁)၊ ၁၃၈၇ ခုနှစ် ၊ နယုန်လဆန်း ၁ ရက် ၊ ၂၇–၅–၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံး ပင်မအဆောက်အအုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဝန်ကြီးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆောက်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ဝန်ကြီးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆောက်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု၊ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝန်ထမ်းများယာယီနေထိုင်ရန် Modular House များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးအဆောက်အအုံတို့၌ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ○

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

ဝ–ဝ–ဝ–ဝ–ဝ

၂၀၂၅ ခုနှစ်၊ မေ ၂၇ ရက်၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

## ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြည်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပမည်

မန္တလေးငလျင်ကြီးခံစားရပြီးနောက်ပိုင်း မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ယခုဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့(Myanmar Narrative Think Tank)က စီစဉ်ကျင်းပသော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း(Forum on Rebuilding Myanmar: Post-Earthquake Economic Recovery)သုံးသပ်ဆွေးနွေးပွဲကို မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲတွင် မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများ၊ စီးပွားရေးပြန်လည်ထူထောင်ရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ စီးပွားရေးပြန်လည်ကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း စသည့်ခေါင်းစဉ်သုံးခုကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ UMFCCI ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များနှင့် စီးပွားရေးနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ စီးပွားရေးကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများ(Observer)လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်း၊ ပြည်ပဈေးကွက်စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေးပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများကို သိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး အခင်းအကျင်းနှင့် ပထဝီစီးပွားရေး အခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပေါင်းစည်းမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲကျင်းပနေမှုကို MOI Website အပါအဝင် Myanmar Narrative Facebook Page၊ MRTV Facebook Page တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ သုံးသပ်ဆွေးနွေးပွဲတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် https://myanmarnaarrative.org/၏ Registration Form မှ တစ်ဆင့် အမည်စာရင်းပေးသွင်းနိုင်ပြီး အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း- ၀၆၇၃၄၁၂၂၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်သည်။ နိုင်ငံတကာမှ စီးပွားရေးကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများ(Observer)လည်း ဆွေးနွေးမည်ဖြစ်ရာ ဆွေးနွေးပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပေါင်းစည်းမြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေးနှင့် ရွှေတချောင်းမြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်နှင့် မြောင်းစာများ အထူးဖယ်ရှားရှင်းလင်း



**မန္တလေး မေ ၂၆**

မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရွှေတချောင်းမြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး၊ မန္တလေးမြို့ပေါ်လမ်းမများ ရေကြီးရေလျှံမှုများ မဖြစ်ပွားစေရေးအတွက် မြောင်းအတွင်းရှိ အမှိုက်နှင့် မြောင်းစာများ အထူးဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများက လူအင်အား၊ စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ရှင်းလင်းဆောင်ရွက်ရာတွင် သန့်ရှင်းရေးဌာန၊ ဈေးနှင့်သားသတ်ဌာနတို့မှ ဝန်ထမ်းများနှင့် စက်ယန္တရားများဖြင့် မန်းသီရိဈေး မျက်နှာစာရှိ မြောင်းဖုံးများကို ကရိန်းဖြင့် မ,တင်ဖယ်ရှားပြီး ရွှေတချောင်းမြောင်းအတွင်းရှိ အမှိုက်နှင့် မြောင်းစာများကို ရှင်းလင်းခဲ့သည်။ အလားတူ ချမ်းမြသာစည်မြို့နယ် ကပ်ကျော်ရေထိန်းတံခါးတွင်လည်း အမှိုက်နှင့် မြောင်းစာများကို ဖယ်ရှားရှင်းလင်းခဲ့သည်။ ထိုသို့ ဖယ်ရှားရှင်းလင်းခြင်းကြောင့် ရွှေတချောင်းမြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ပြီး မန္တလေးမြို့ လမ်းမများပေါ်တွင် ရေဝပ်၊ ရေလျှံ မဖြစ်ပေါ်အောင် ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထိုသို့ အထူးသန့်ရှင်းရေးနှင့် မြောင်းဆည်ခြင်းလုပ်ငန်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်က နေရာအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးဌာန ဌာနမှူး ဦးသန်းဇော်ထွန်း၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနနှင့် လမ်းတံတားဌာနမှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ကပ်ခဲ့သည်။

ယနေ့ အထူးသန့်ရှင်းရေးဆောင်ရွက်မှုအနေဖြင့် မန္တလေးမြို့-၂၆လမ်း၊ အရှေ့မြို့ပတ်လမ်းမှ မြို့ဝင်ဂိတ်အထိ လမ်းဘေးဝဲ၊ ယာ သစ်ပင် ချုံနွယ်များ ရှင်းလင်းခြင်းနှင့် လမ်းဘေးတစ်လျှောက် မြေသားညှိခြင်းများကို လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ သင်္ဂဇာပတ်လမ်း၊ ၂၉လမ်းနှင့် လမ်း၃၀ကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၇ လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြား၊ (ဃ)ရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ယာပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၂၇ရက်တွင် မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ ၉၁လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုတောင် မယ်ဇယ်တန်းတို့တွင်လည်းကောင်း၊ မေ ၂၈ရက်တွင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉လမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဃ-၄)၊ ၆၄လမ်းနှင့် ၁၁၁လမ်းထောင့်၊ မြို့သစ် (၄)ရပ်ကွက်တို့တွင် လည်းကောင်း၊ မေ ၂၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၅၄ လမ်းနှင့် ၁၃၃လမ်းထောင့်၊ (စ)ရပ်ကွက်တွင်လည်းကောင်း၊ မေ ၃၀ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ပေါက်၊ မေ ၃၁ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးကျောင်းရှေ့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဖ-၈/၉)၊ ၅၉လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ ကံသာယာရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

○ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး အဆိုပါရုံး ပင်မအဆောက်အအုံနှင့် အခြားရုံးအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ပြန်လည်နေထိုင်ရန်သင့်သည့် (အပြာရောင်အမှတ်အသားရ) တိုက်အမှတ် ၆၂၀၉ သို့ ရောက်ရှိကြပြီး အဆိုပါတိုက်အတွင်း ငလျင်ဒဏ်ကြောင့် အနည်းငယ် ထိခိုက်ပျက်စီးခဲ့မှုများကို မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ နိုင်ငံ့ဝန်ထမ်းများ ပြန်လည်နေထိုင်လျက်ရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုအခြေအနေ၊ နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံစားသောက်ကုန် ငါးမျိုးရရှိမှုအခြေအနေများကို မေးမြန်းပြီးလိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၃၁၀၇ သို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံအဆောက်အဦ ဖွံ့ဖြိုးမှုအသင်းက ငလျင်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံနှင့် အခန်းများတွင် Stitching Method ဖြင့် ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ပြန်လည်နေထိုင်ရန်သင့်သည့် (အပြာရောင် အမှတ်အသားရ) တိုက်အမှတ် ၆၂၀၉ တွင် ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သဇင် (၂) အပျိုဆောင် အဆောင်(၁) နှင့် သဇင် (၅) လူပျိုဆောင် အဆောင် (၁၁) တို့၌ ငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ခဲ့သည့် နံရံများကို ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ ဝန်ထမ်းများက Sikalatex ဆေးရည်၊ ကျုံ့ခြင်းမရှိသော ဘိလပ်မြေအခြေခံဘက်စုံသုံးဆေးမှုန့် (SikaGrout) နှင့် ဘိလပ်မြေများ ရောစပ်၍ ကွဲအက်ခဲ့သည့် နေရာများအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သဇင် (၂) အပျိုဆောင် အဆောင်(၁) တွင် ကြည့်ရှုစစ်ဆေးစဉ်။

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက်ရေလမ်းသတိပေးနိုးဆော်ချက် ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်ပါသည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလတွင် ပေါ်ထွန်းခဲ့သော သောင်နှင့်ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြှုပ်ပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်းမပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြု ခုတ်မောင်းရန် လိုအပ်ပါသည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားပါသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင် (၂)တိုင်အကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်ဝန်နှင့်စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည် ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည် ဖြစ်ပါသည်။

၅။ ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်သည့်အခါ ရေယာဉ်များ အန္တရာယ်မဖြစ်စေရေးအတွက် သတိပြု ခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနိုးဆော်ချက် ထုတ်ပြန်ထားပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/ ၂၀၂၅) သို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေမည့်အချက်များကို တစ်ဖက်တစ်လမ်းမှ တားဆီးကာကွယ် ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်

နေပြည်တော် မေ ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက "တရားမဝင်ကုန်သွယ်မှုများသည် ရာဇဝတ်ကျူးလွန်မှု၊ အကြမ်းဖက်အဖွဲ့အစည်းများအပေါ် ငွေကြေးထောက်ပံ့မှုအပါအဝင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုပါ ထိခိုက်စေသည့်အတွက်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် တရားမဝင် ကုန်သွယ်မှုများကို ပြတ်ပြတ်သားသား တိုက်ဖျက်ဆောင်ရွက်သွားရန်" လမ်းညွှန်မှာကြားထားကြောင်း။

ထို့ပြင် စီးပွားရေးရာနှင့် ပတ်သက်သည့် အစည်းအဝေးများတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က "တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက် တားဆီးဆောင်ရွက်ရန်" အမြဲတစေ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုကိစ္စရပ်များကို အထူးဂရုစိုက်ပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ၂၀၂၂ ခုနှစ်မှစတင်၍ ပြင်ဆင်ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ (၁၉)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး(၁၈)ကြိမ်အထိ ဆုံးဖြတ်ချက် ၆၁၉ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သုံးနှစ်နှင့် လေးလတာ ကာလအတွင်း ဖမ်းဆီးရရှိမှုများကို ပြန်ကြည့်မည်ဆိုပါက ဖမ်းဆီးရမိအမှုတွဲ ၂၂၁၉၈ မှု၊ တန်ဖိုးအားဖြင့် ငွေကျပ် ၅၇၆ ဒသမ ၅၄၁ ဘီလီယံ ဖမ်းဆီးဖော်ထုတ်ခဲ့ကြောင်း၊ လအလိုက် ဖမ်းဆီးရမိမှုများတွင် ၂၀၂၅ ခုနှစ် မတ်လတွင် ဖမ်းဆီးရရှိမှုသည် အများဆုံးဖြစ်ကြောင်း၊ ယခုထက်ပို၍ ဖမ်းဆီးဖော်ထုတ်နိုင်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍ နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေးများ ခေတ္တရပ်တန့်နေသည့်အချိန်တွင် တရားမဝင်ကုန်ပစ္စည်းများ တင်ပို့မှုနှင့် တင်သွင်းမှုပါ များပြားလာကြောင်း၊ ထိုသို့ တရားမဝင်ကုန်သွယ်မှုများ ပေါ်ပေါက်လာမှုနှင့်အတူ ဖမ်းဆီးရရှိမှုများ များလာသည်ကိုလည်းတွေ့ရှိရကြောင်း၊ လုံခြုံရေးအဖွဲ့များနှင့် စစ်ဆေးရေးအဖွဲ့များကလည်း စနစ်တကျ ထိထိမိမိစစ်ဆေးဆောင်ရွက်မည်ဆိုပါက ယခုထက်ပို၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း။

ထို့ပြင် ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံများနှင့်လည်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရာတွင် သတင်းများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဝန်ကြီးဌာနအချင်းချင်း၊ အစိုးရအဖွဲ့ အချင်းချင်း ညှိနှိုင်းပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံ မဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade – TRACIT) ၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်သည့် တရားမဝင် ကုန်သွယ်မှု အညွှန်းကိန်း 2025 Illicit Trade Index တွင်လည်း နိုင်ငံပေါင်း ၁၅၈ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် အဆင့်(၁၁၇)သတ်မှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ ယခင် ၂၀၁၈ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့တရားမဝင်ကုန်သွယ်မှုဆိုင်ရာ ပတ်ဝန်းကျင်အညွှန်းကိန်း Global Illicit Trade Environment Index တွင် နိုင်ငံပေါင်း ၈၄ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် အဆင့်(၈၁) သာ ရရှိခဲ့သည့်အတွက် ၂၀၂၅ ခုနှစ်တွင် အညွှန်းကိန်း ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ သို့သော် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် အဆင့်(၉)သာ ရရှိနေသည်ကို တွေ့ရှိရသည့်အတွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ထိထိမိမိဖြင့် ဖမ်းဆီးရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံများဖြင့် အစိုးရအချင်းချင်း၊ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

- နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍ နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေးများ ခေတ္တရပ်တန့်နေသည့်အချိန်တွင် တရားမဝင်ကုန်ပစ္စည်းများ တင်ပို့မှုနှင့် တင်သွင်းမှုပါများပြားလာ၊ ထိုသို့ တရားမဝင်ကုန်သွယ်မှုများ ပေါ်ပေါက်လာမှုနှင့်အတူ ဖမ်းဆီးရရှိမှုများ များလာသည်ကိုလည်းတွေ့ရှိရ
- လုံခြုံရေးအဖွဲ့များနှင့် စစ်ဆေးရေးအဖွဲ့များကလည်းစနစ်တကျ ထိထိမိမိ စစ်ဆေးဆောင်ရွက်မည်ဆိုပါက ယခုထက်ပို၍ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မည်
- ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံများနှင့်လည်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရာတွင် သတင်းများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဝန်ကြီးဌာနအချင်းချင်း၊ အစိုးရအဖွဲ့အချင်းချင်း ညှိနှိုင်းပြီး ဆောင်ရွက်ကြရမည်

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade – TRACIT)၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်သည့် တရားမဝင်ကုန်သွယ်မှု အညွှန်းကိန်း 2025 Illicit Trade Index တွင်လည်း တရားမဝင်ကုန်သွယ်မှုများ အလွန်အကျူးပြုလုပ်နေသည့်ကဏ္ဍ ၁၂ ရပ်ဖော်ထုတ်ထားကြောင်း၊ ယင်းတို့တွင် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းနှင့် ပိုးသတ်ဆေးများ၊ အရက်၊ အတုအပကုန်စည်ပစ္စည်းများ၊ သစ်တောထွက်ကုန်များ၊ တရားမဝင်ငါးဖမ်းဆီးမှုများ၊ ရေနံထွက်ပစ္စည်းများ၊ ဆေးဝါးများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်များ၊ ဆေးရွက်ကြီးကုန်စည်များ၊ လူကုန်ကူးမှုများ၊ တောရိုင်းတိရစ္ဆာန်များပါဝင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း။

စာမျက်နှာ ၅ သို့ ●

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရသည့်အတွက် ဦးဆောင်ကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များနှင့် ပြည်သူများအားလုံးကပေါင်းစပ်ပြီး ဝိုင်းဝန်းထိန်းကျောင်းဆောင်ရွက်

● စာမျက်နှာ ၄ မှ

ကဏ္ဍ ၁၂ ရပ်၏ ခေါင်းစဉ်များအလိုက် မိမိတို့အဖွဲ့များတွင် ပါဝင်ကြသည့် One Stop Service အဖွဲ့များ၊ စစ်ဆေးရေးအဖွဲ့များက ဖော်ထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ၃ နှစ်နှင့် ၄ လတာကာလအတွင်း ဖမ်းဆီးရရှိမှုများအနက် တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် အများဆုံးဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် သွင်းကုန် ကုန်ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများနှင့် အခြားလူအသုံးအဆောင်ပစ္စည်းများကိုလည်း တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာသုံးကိရိယာနှင့် ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရားဝင်လိုင်စင်များဖြင့် ထုတ်ပေးထားကြောင်း၊ သို့သော်လည်း ယင်းအပေါ်ကျော်လွန်ပြီး ဆောင်ရွက်မှုများရှိနေသည့်အတွက် ကြပ်မတ်ထိန်းချုပ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တစ်ဖက်ကလည်း ဖမ်းဆီးထိန်းချုပ်ပြီး တစ်ဖက်ကလည်း မူပိုင်ခွင့်ဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေများဖြင့် ခိုင်လုံအားကောင်းအောင် ပြုလုပ်၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအပါအဝင် အစိုးရနှင့် လုပ်ငန်းရှင်များ စီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အကောက်ခွန်ဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အထူးကုန်စည်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ယှဉ်ပြိုင်မှုဥပဒေ၊ စားသုံးသူကာကွယ်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဓိကအခန်းကဏ္ဍသည် သတင်းရရှိရေးပင်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လ နှင့် ဧပြီလများအတွင်း သတင်းရရှိမှု ၂၅၅ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၁၃ ကြိမ်၊ နောက်ကျသတင်း ငါးကြိမ်နှင့် သတင်းမှန် ၂၃၇ ကြိမ်ဖြစ်ကြောင်း၊ နောက်ပိုင်းကာလ နောက်ကျသတင်းပေးပို့မှုများ နည်းပါးလာပြီး သတင်းမှန်ပေးမှု များပြားလာခြင်းကြောင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို တစ်ဖက်တစ်လမ်းမှ ထိရောက်စွာဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ သတင်းပေးပြည်သူများ၏ လုံခြုံမှုနှင့်နစ်နာဆုံးရှုံးမှု မဖြစ်စေရေးအတွက် သတင်းလုံခြုံမှုကို သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ထိန်းသိမ်းလျှို့ဝှက်ပေးရမည်ဖြစ်ကြောင်း၊ သတင်းပေးသည့်အတွက် ဖမ်းဆီးရရှိသောအမှုအပေါ်မူတည်၍ နိုင်ငံတော်က အကျိုးအမြတ်များ ထောက်ပံ့ပေးခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်းစသည့် ခံစားခွင့်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် သတင်းများတွင် မကြာခဏ ထည့်သွင်းဖော်ပြပေးသွားကြရမည်ဖြစ်ကြောင်း။

ဖမ်းဆီးရရှိမှုနှင့် စပ်လျဉ်း၍ ပစ္စည်းများဖမ်းဆီးခြင်းနှင့် အခြားကန့်သတ်ပစ္စည်းဖမ်းဆီးရမိခြင်းများရှိကြောင်း၊ ဖမ်းဆီးရမိသည့် ပစ္စည်းများကို အလေအလွင့်အဆုံးအရှုံး အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊ စစ်ဆေးသည့် ဥပဒေအပိုင်းကလည်း မြန်မြန်ဆန်ဆန်စစ်ဆေးပြီး အမြန်ဆုံးထုခွဲရောင်းချခြင်း၊ နိုင်ငံတော်ပိုင် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း စသည်တို့ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အမြန်ဆုံးဖြစ်စေရေး ကော်မတီဝင်များနှင့် သက်ဆိုင်သည့် တာဝန်ရှိသူအားလုံးက အလေးထား ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အထူးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်ပြီး တရားမဝင် ထုတ်လုပ်နေမှုကို ယခုထက်ပို၍ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်ပါဝင်သည့် ဝန်ထမ်းများကလည်း တစ်ဦးချင်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် တာဝန်ထမ်းဆောင်ကြရန်နှင့် မိမိတို့အဖွဲ့အစည်းအဝန်းအဝိုင်းအတွင်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိများဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရသည့်အတွက် ဦးဆောင်ကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ လုံခြုံရေး အဖွဲ့များနှင့် ပြည်သူများအားလုံးက ပေါင်းစပ်ပြီး ဝိုင်းဝန်းထိန်းကျောင်း ဆောင်ရွက်ကြမှသာ ကော်မတီ၏ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့်အပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်စေမည့် အချက်များကို တစ်ဖက်တစ်လမ်းမှ တားဆီးကာကွယ် ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

> ○ ဖမ်းဆီးရမိသည့်ပစ္စည်းများကို အလေအလွင့် အဆုံးအရှုံးအနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊ စစ်ဆေးသည့် ဥပဒေအပိုင်းကလည်း မြန်မြန်ဆန်ဆန်စစ်ဆေးပြီး အမြန်ဆုံးထုခွဲရောင်းချခြင်း၊ နိုင်ငံတော်ပိုင် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း စသည်တို့ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အမြန်ဆုံးဖြစ်စေရေး ကော်မတီဝင်များနှင့် သက်ဆိုင်သည့် တာဝန်ရှိသူအားလုံးက အလေးထားဆောင်ရွက်ပေးကြရန်ဖြစ်
>
> ○ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အထူးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်ပြီး တရားမဝင်ထုတ်လုပ်နေမှုကို ယခုထက်ပို၍ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၅) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ရဲမြင့်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ အခွန်အယူခံ ခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ တရားမဝင်ထိန်းချုပ် ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများ၊ သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ဖမ်းဆီးရမိမှု၊ အဆိုပါ ဖမ်းဆီးရမိမှုများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု၊ အဆိုပါ ဖမ်းဆီးရမိသည့်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန် နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှုနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလုပ်တာဝန်ခန့်အပ်မည့် ဝန်ကြီးဌာန ခြောက်ခုမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၅၆၀၊ သိပ္ပံဘွဲ့ ၉၈၁ ဦး၊ B.Tech ဘွဲ့ ၁၃၉ ဦး၊ အင်ဂျင်နီယာ ဒီပလိုမာ ၈၅၈ ဦး စုစုပေါင်း ၂၅၃၈ ဦးတို့ကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အားပေးထောက်ပံ့လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၁၆ ဦး၊ Ph.D ဘွဲ့ ၃၂ ဦး၊ B.E ဘွဲ့ ၆၂၅ ဦး၊ M.E ဘွဲ့ ၃၄ ဦး၊ B.Tech ဘွဲ့ ၂၀၇ ဦး ရရှိပြီး ဆက်လက်လေ့လာသင်ယူဆဲ ကျောင်းသား ကျောင်းသူများလည်းရှိနေကြောင်း။

သင်တန်းဆင်း မောင်တို့ မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအဖြစ် နယ်စပ်ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရာ၌ မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံ အမွေအနှစ်များကို လေးစားလိုက်နာကာ အစဉ်မြတ်နိုးစွာဖြင့် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်စေရေး အမြဲနှလုံးသွင်း ကြိုးစားကျင့်ကြံ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးဌာန ခြောက်ခုမှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၉၃ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြပြီး ထူးချွန်ဆုရ ကျောင်းသားနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံဂုဏ်ပြုအားပေးစကားပြောကြားကာ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒီဂရီကောလိပ်အတွင်းရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ၊ လေးထပ်အင်ဂျင်နီယာအလုပ်ရုံတွင် ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ဆောင်ရွက်နေမှုများ၊ ငါးခူမွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အားကစားကွင်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယနိုင်ငံက လှူဒါန်းသည့် ဘီလပ်မြေ တန်ချိန် ၂၂၅ တန်(၅၀ ကီလိုရှိ အိတ် ၄၅၀၀)အား လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေး မြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် အိန္ဒိယနိုင်ငံက လှူဒါန်းသည့် ဘီလပ်မြေ တန်ချိန် ၂၂၅ တန်(၅၀ ကီလိုရှိ အိတ် ၄၅၀၀) ကို မြန်မာ့တပ်မတော်(ရေ)မှ တင်ဆောင်လာသည့် UMS Myik Kyi Nar သင်္ဘောသည် မေ ၂၃ ရက် နံနက် ၁၀ နာရီက သီလဝါ (MITT)ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။




ထိုသို့ ရောက်ရှိလာသည့် ဘီလပ်မြေ တန်ချိန် ၂၂၅ တန် (၅၀ ကီလိုရှိ အိတ် ၄၅၀၀)အား ယနေ့ညနေပိုင်းက လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို သီလဝါဆိပ်ကမ်း၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E. Mr. Abhay Thakur က ဘီလပ်မြေအိတ်များ လှူဒါန်းပေးအပ်ရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E. Mr. Abhay Thakur ထံမှ လွှဲပြောင်းလက်ခံခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကုန်တင်ကားများပေါ် တင်ဆောင်၍ ငလျင်ဘေးသင့်ဒေသများသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ဇွဲထက်ကို(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနား တက်ရောက်ဖွင့်လှစ် မုတ်သုံဦး MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ချီးမြှင့်

မြစ်ကြီးနား မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ကချင်ပြည်နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာ/ပန်းဖွားအဖွဲ့များက မြန်မာ့ကျောင်းသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် ပြည်နယ်ပညာရေးမှူးတို့က ကချင်ပြည်နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြစ်ကြီးနားမြို့ပေါ် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူ ၂၀၀ တို့က ကဗျာလွတ်အကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ကျောင်းအပ်လက်ခံဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အဆိုပါကျောင်း အေးမြသီတာခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူ




များက မြန်မာ့ကျောင်းတေးသီချင်း၊ ဆီမီးခွက်အကတို့ဖြင့် သီဆို/ကပြ ဖျော်ဖြေဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ကျောင်းသားကျောင်းသူများအား အတန်းစဉ်အလိုက် အခမဲ့ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား ကျောင်းသူများက ကျောင်းတက်မယ် တေးသီချင်း သရုပ်ဖော်ဖြင့်လည်းကောင်း၊ ဓာတ်မာန်သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ခန်းမအတွင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများနှင့် ပညာရေးစွမ်းရည်ပြခန်းငယ်များ၊ ဓာတ်ပုံပြခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

မေ ၂၅ ရက် ညနေပိုင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ စီတာပူမနောကွင်းအတွင်း ကျင်းပသည့် မုတ်သုံဦး MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဈေးရောင်းပွဲတော်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဒေသထွက်စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်ပစ္စည်းပြခန်း၊ ဒေသထွက်စားသောက်ကုန်များ၊ သမဝါယမနှင့် စားသုံးသူရေးရာ၊ သစ်သားပန်းပုနှင့် လက်မှုထုတ်ကုန်များ၊ လူသုံးကုန်နှင့် အဝတ်အထည်များ၊ ပယင်း၊ ကျောက်မျက်နှင့် ကျောက်စိမ်းလက်ဝတ်ရတနာပြခန်းများ ပြသရောင်းချနိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးကြကာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပညာရေးဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ဝယ်ယူပေးအပ်ကြသည်။

ယင်းနောက် အဆိုပါကွင်းအတွင်း ဧည့်ကြိုခန်းမဆောင်၌ မုတ်သုံဦး MSME ထုတ်ကုန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ MSME ထုတ်ကုန်ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြစ်ကြီးနားတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဇင်မာလတ်က ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၁၁ ဦးအား ဆုချီးမြှင့်နိုင်ရေး စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆုများကိုပေးအပ်ချီးမြှင့်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲတွင် OROP ထုတ်ကုန်ဆု၊ အငယ်စားနှင့် အသေးစားထုတ်ကုန်အထူးဆုရရှိခဲ့သော ကဆန်ထီ၊ အိလေးနှင့် ပူတာအို ဒေသထွက်ကုန်လုပ်ငန်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက မုတ်သုံဦး MSME ထုတ်ကုန်ပြိုင်ပွဲတွင် စားသောက်ကုန်ကဏ္ဍနှင့် လူသုံးကုန်၊ ပယင်းနှင့် ကျောက်မျက်အချောထည်ကဏ္ဍတို့တွင် သက်ဆိုင်ရာအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသော MSME လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြ ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၅၄ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၆-၅-၂၀၂၅)ရက်နေ့၊ ည(၈း၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၈-၅-၂၀၂၅)ရက်နေ့၊ ည(၈း၀၀)နာရီမှ (၂၅-၅-၂၀၂၅)ရက်နေ့၊ ည(၈း၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂ ၇၅၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀ ဒသမ ၂၂)ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)အား စနစ်တကျ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ(အသက် ၆၀နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ ၃လနှင့်အထက်)ကို ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးအား ဦးစားပေးအစီအစဉ်ဖြင့် ထိုးနှံသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**(Myanmar CDC)

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၂၆**

ယနေ့မြန်မာစံတော်ချိန် လေးနာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ၂-၆-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဧလ

သင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး
မေးသိုင်းကြိုး သေချာစွာ တပ်ပါ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားစေတီပုထိုးများတွင် ကျွမ်းကျင် ပညာရှင်များက စေတီတော်များ တိမ်းစောင်းခြင်း ရှိ၊ မရှိ၊ မြေအောက်သို့ နိမ့်ကျခြင်း ရှိ၊ မရှိ၊ စေတီတော် အက်ကွဲကြောင်းများ တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စုပေါင်းရှင်းလင်း ဖယ်ရှားနေမှုများကိုလည်းကောင်း၊ ဝါးချက်ကျေးရွာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်များ ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်း သာယာလှပရေး၊ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်လက်ခံထားရှိမှု အခြေအနေများနှင့် ယာယီကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး သည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ Grade-12 စာမေးပွဲပြန်လည်ဖြေဆိုမည့်ကျောင်းသား ကျောင်းသူများ အနီးကပ်စခန်းသွင်း လေ့ကျင့် သင်ကြားနေမှုများနှင့် ကျောင်းသား ကျောင်းသူများ နေထိုင်သည့် အိပ်ဆောင်များကိုလည်းကောင်း၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ရွှေဟင်္သာ ကျောင်းတိုက်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ သော သာသနိကအဆောက်အအုံများကို အဖွဲ့အစည်း အသီးသီးက စုပေါင်းရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်း



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီးမြတ်စွာဘုရားသို့သွားရောက်၍ တပ်မတော်သားစစ်သည်များက အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု ကြည့်ရှုအားပေးစဉ်။

များ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နန်းဦးမြို့သစ် အတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများ မိုးမကျမီ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် Modular House များနှင့် ယာယီလူနေအဆောက် အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်း ကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ငလျင်ဘေးဒဏ်သင့်ပြည်သူ များ စောင့်ရှောက်ရေးစခန်းအတွင်းရှိ ဒေသခံပြည်သူ များကို အားပေးစကားပြောကြားပြီး ယာယီကျောင်း ဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ သည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာ အနောက်ရပ်ရှိ ချမ်းသာကြီးမြတ်စွာဘုရားနှင့် အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်ရှိ အနောက်တိုက်တော်အုဋ္ဌကျောင်းသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီး များကို အဖွဲ့အစည်းအသီးသီး ပူးပေါင်း၍ အပျက် အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေ အနေများနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန် အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက် ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီး များအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် အောင်မြေသာစံမြို့နယ် အနိပ်တော် ရပ်ကွက်ရှိ ဉာဏဝတီ သီလရှင်စာသင်တိုက် တကောင်းတိုက်သို့လည်းကောင်း၊ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ကျေးရွာရှိ လောကမုနိမြတ်စွာဘုရား သို့လည်းကောင်း သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားစေတီပုထိုးများကို အဖွဲ့အစည်းအသီးသီးမှ ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မဟာအောင်မြေ မြို့နယ်ရှိ မန္တလေးတက္ကသိုလ်သို့ သွားရောက်၍ တက္ကသိုလ်ပင်မဆောင်ရှိ ငလျင်ဒဏ်ကြောင့် မီးလောင် ပြိုကျပျက်စီးသွားသော အပျက်အစီးများကို တပ်မတော်သားများက ဖယ်ရှားရှင်းလင်းဆောင်ရွက် နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည် ခရိုင် မြစ်သားမြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူ များအား "ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲ" သို့ တက်ရောက်ကာ အဆောက်အအုံများ ပြန်လည် တည်ဆောက်နိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ဒေသခံပြည်သူများအား အသိပညာပေး ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ဒေသခံ ပြည်သူတစ်ဦးချင်းစီက သိရှိလိုသည့်အချက်များအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် မြစ်သား မြို့နယ်ခန်းမဝင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ အင်ဂျင်နီယာဌာနခွဲ(ယာယီ)ရုံးနှင့် မြစ်သား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ယာယီ)ရုံးများအတွက် Modular Container House များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း (မြစ်သား)နှင့် မြစ်သားမြို့နယ် ဘူတာရပ်ကွက် အမက(ဘူတာ)ကျောင်းဝင်းအတွင်းရှိ ယာယီ ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှု အခြေ အနေတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ကျောင်းသား ကျောင်းသူများ ကောင်းမွန်စွာ ပညာ သင်ကြားနိုင်စေရေးအတွက် ကျောင်းဖွင့်ချိန်အမီ တည်ဆောက်နိုင်စေရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် ဘူတာရပ်ကွက်၊ ရေဝန်း-မြင်းခြံ ကားလမ်းဘေးနှင့် ပြည်ပန်းကျေးရွာအုပ်စု ရန်ကုန်- မန္တလေး လမ်းမကြီးဘေးရှိ ငလျင်ဒဏ်ကြောင့် ပြိုကျ ပျက်စီးခဲ့သော အန္တရာယ်ရှိ နေအိမ်အဆောက်အအုံ တို့ကို စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက် နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ် သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများကို SOP စနစ် ဖြင့်ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အချိန် အထိ အဆောက်အအုံ ၈၅၅၇ လုံးကို စစ်ဆေး ဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ အလုံး ၈၀၁၀၊ ဦးစားပေးဖြိုဖျက် ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၅၄၇ လုံးကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး ဆောင်ရွက် ရန်ကျန် အဆောက်အအုံများ မရှိကြောင်း သိရသည်။

သတင်းစဉ်

✡ စာမျက်နှာ ၂၄ မှ

ဆက်လက် ဖိအားပေးတိုက်စစ် ဆင်ကစားနိုင်ခဲ့သော်လည်း အဆုံး သတ်အားနည်းမှုများရှိခဲ့သည်။ ထို့နောက် ပွဲပြီးခါနီး(၈၅)မိနစ် တွင် သစ္စာအားမာန်အသင်းက တစ်လုံးတည်းသော အနိုင်ဂိုး ရရှိ ခဲ့ပြီး နေတိုးက သွင်းယူပေးခဲ့ သည်။

ရန်ကုန်ယူနိုက်တက်(ယူ- ၂၁)အသင်းသည် လက်ရှိတွင် (၅)ပွဲကစား (၄)ပွဲနိုင်၊ (၁)ပွဲသရေ ရလဒ်ဖြင့် ရမှတ်(၁၂)မှတ်ရရှိ ထားပြီး အမှတ်ပေးဇယား အဆင့်(၂)တွင် ရပ်တည်နေလျက် ရှိသည်။

ရန်ကုန်ယူနိုက်တက်(ယူ- ၂၁)အသင်း၏ MNL (U-21) Youth League ပွဲစဉ်(၆)အဖြစ် လာမည့် ဇွန်လ (၁)ရက်နေ့တွင် Junior Lions အသင်းနှင့် ဆက် လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ် သည်။

(NGB)

## ချောင်းဆုံ ချောင်းကူးတံတား ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်တည်ဆောက်

ဗန်းမော် မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၊ ဗန်းမော်မြို့နယ် အနောက်ဘက်ပိုင်းကျေးရွာများ နှင့် ဟုမ္မလင်းမြို့နယ် ပင်လည် ဘူးမြို့နယ်များသို့ အဓိကဆက် သွယ်ထားသော ချောင်းဆုံ ချောင်း ကူးသစ်သားတံတား ယိုယွင်း ပျက်စီးနေသဖြင့် မေ ၁၉ရက် မှစ၍ ကိုယ့်အားကိုယ်ကိုး ပြန် လည်ပြုပြင်တည်ဆောက်လျက် ရှိသည်။

ဗန်းမော်မြို့မှအနောက် ဘက်ပိုင်းရှိ ကျေးလက်ဒေသ များ၊ ရွှေမော်များသို့ ကားကြီး၊ ကားငယ်များဖြင့် ဈေးရောင်း၊ ဈေးဝယ်သွားလာကြသော ပြည်သူ များ၊ ဟုမ္မလင်းမြို့နယ်နှင့် ပင် လည်ဘူးမြို့နယ်များသို့ ဆက် သွယ်သွားလာရေး လွယ်ကူချော မွေ့စေရန်အတွက် တည်ဆောက် ထားသည့် ချောင်းဆုံ ချောင်းကူး တံတားသည် အရှည် ပေ ၁၄၀၊ အကျယ် ပေ ၂၀ နှင့် အမြင့် ၁၀ပေရှိ တံတားဖြစ်ပြီး နှစ်ကြာ လာ၍ ယိုယွင်းပျက်စီးခဲ့သော ကြောင့် ချောင်းဆုံကျေးရွာ ဒေသခံ ပြည်သူများ၊ ဈေးရောင်း၊ ဈေး ဝယ်သွားလာကြသူများနှင့် ရွှေ လုပ်ငန်းရှင်ကြီးများ၏ ထည့်ဝင် လှူဒါန်းငွေများဖြင့် ကိုယ့်အား ကိုယ်ကိုး ပြန်လည်ပြုပြင်တည် ဆောက်လျက်ရှိသည်။

အဆိုပါ ယိုယွင်းပျက်စီး ခဲ့သော ချောင်းဆုံ ချောင်းကူး တံတားအား ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်တည်ဆောက် ပြီးစီးပါက ဗန်းမော်မြို့နယ် အနောက်ဘက်ပိုင်းရှိ ကျေးရွာ ၈၅ ရွာမှ ဒေသခံပြည်သူများ၊ ဈေးရောင်း၊ ဈေးဝယ်သွားလာ ကြသူများ၊ ဟုမ္မလင်းမြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်များမှ ကုန် ကူးသန်းရောင်းဝယ်ဖောက်ကား သွားလာနေကြသည့် ပြည်သူ များမှာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာ ရေးနှင့် ကုန်စည်ကူးသန်းသွား လာကြရာတွင် အချိန်တိုအတွင်း သွားလာရေးလွယ်ကူချောမွေ့ လာတော့မည်ဖြစ်ကြောင်း သိရ သည်။

(၅၀၃)

## ပလတ်စတစ် အမှိုက်ကင်းစင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး ကမ်ပိန်းဆောင်ရွက်

မိတ္ထီလာ မေ ၂၆

၂၀၂၅ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ် ဖြစ်သည့် "ကမ္ဘာတစ်ဝန်း ပလတ် စတစ်ညစ်ညမ်းမှု အဆုံးသတ် ရေး စုပေါင်းအားဖြင့် ဆောင်ရွက် ပေး" ဆောင်ပုဒ်နှင့်အညီ မန္တလေး တိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနမှ ဦးဆောင်၍ မိတ္ထီလာ မြောက်ကန် ပတ်ဝန်းကျင်တွင် ပလတ်စတစ် အမှိုက်ကင်းစင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး ကမ်ပိန်းလှုပ်ရှားမှုအဖြစ် စုပေါင်း သန့်ရှင်းရေးကို မေ ၂၄ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိတ္ထီလာမြောက်ကန် မြောက် ဘက်ထိပ် မေတ္တာရေကြည် အခမဲ့ ဆေးခန်းအနီးမှ မိတ္ထီလာမြောက် ကန်တောင်ဘက်ထိပ် ဇော်ဆေး ရုံအနီးအထိ မိတ္ထီလာမြောက် ကန်ပတ်ဝန်းကျင်ရှိ ပလတ်စတစ် အမှိုက်များ၊ စွန့်ပစ်အမှိုက်များ အား ကောက်ယူသိမ်းဆည်းခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးများ ပြုလုပ်ခြင်းတို့ကို ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက် ထောက်ညွှန်ကြားရေးမှူး ဒေါ်အေး စန္ဒာ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဌာနမှူး ဒေါ်အေးအေးစိုး၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမျိုးထက်ဇော်နှင့် အဆိုပါဌာနများမှ ဝန်ထမ်းများ က စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၅၃)

# အစားအသောက်ရောင်းချသည့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စားသောက်ဆိုင်များအား ကွင်းဆင်းစစ်ဆေး

**မြင်းခြံ မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်အတွင်း အစားအသောက်ရောင်းချသည့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စားသောက်ဆိုင်ပိုင်ရှင်များ၊ လုပ်ငန်းရှင်များအား မြင်းခြံခရိုင်စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင်တွေ့ဆုံခဲ့သည်။ အခမ်းအနားတွင် မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက စားသောက်ကုန်များ ကျန်းမာရေးနှင့်ညီညွတ်စွာရောင်းချရေး၊ သင့်တင့်သောဈေးနှုန်းများဖြင့် ပြည်သူများ စားသုံးနိုင်ရန်ရောင်းချရေး



များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော စားသောက်ဆိုင်လုပ်ငန်းရှင်များ၏ သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မေ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့များနှင့်အတူ မြင်းခြံမြို့နယ်ရှိ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များအားအစားအသောက်ရောင်းချမှုနှင့်ပတ်သက်၍ စားသုံးသူပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့်ညီညွတ်စွာရောင်းချရေး၊ စားသောက်ဆိုင်လုပ်သားများ တစ်ကိုယ်ရေသန့်ရှင်းမှုရှိစေရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝင်း)



# မော်တော်ယာဉ် မီးလောင်မှုဖြစ်ပွား

**မုံရွာ မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ထန်းတောရပ်ကွက်၊ ဓမ္မာရုံလမ်းတွင် မေ ၂၀ ရက် ညနေ ၅ နာရီ ၅၅ မိနစ်ခန့်က မော်တော်ယာဉ်မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မုံရွာခရိုင် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ မုံရွာမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ထန်းတောအရန်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ သလ္လာအရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သနွှေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ထွက်ခွာငြိမ်းသတ်ရာ ညနေ ၆ နာရီ ၁၀မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

(အပေါ်ပုံ) (ဝင်း)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဝေါမြို့နယ်နှင့် မြဝတီမြို့တို့တွင် Tramadol ဆေးတောင့်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၇ ရက် ညနေ ၆ နာရီခွဲက သက်သေများနှင့်အတူ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် စိုးမြင့်မောင်းနှင်ပြီး လှသူဇာ(ခ)ဘေဘေဆိုသူ လိုက်ပါလာသည့် TOYOTA PROBOX အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ Tramadol ဆေးတောင့် ၁၅၀၀၀ တောင့်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မေ ၁၈ ရက် ည ၇ နာရီတွင် စိုးမြင့်နှင့် လှသူဇာ(ခ)ဘေဘေတို့ နေထိုင်သည့် မြဝတီမြို့၊အမှတ်(၄)ရပ်ကွက်ရှိ နေအိမ်ခြံဝင်းအတွင်းမှ ဇော်မြင့်သူ(ခ)ရှက်ဟီဒွတ်လာအား Tramadol ဆေးတောင့် ၁၅၀၀၀ တောင့်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ကျော်ကျော်လှိုင်(ခ)ကျော်ကြီးအား ၄င်းနေထိုင်သည့် မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်ရှိ နေအိမ်အတွင်းမှ Tramadol ဆေးတောင့် ၄၅၀၀၀ တောင့်နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အားလည်းကောင်း၊ မွန်းလွဲ ၁နာရီခွဲတွင် Tramadol ဆေးတောင့်များ လက်ခံမည့် ဇော်သိန်း(ခ) စိုးနေအား ၄င်းနေထိုင်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၇၁)ရပ်ကွက်ရှိ နေအိမ်တွင် လက်ကိုင်ဖုန်းတစ်လုံးနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် အဆိုပါ Tramadol ဆေးတောင့်များ သယ်ဆောင် ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုးသန်း(ခ) မိုဟာမက်ဆွာလေ၊ ကျော်ဇေယျ(ခ)စဒက်ရှ်၊ မင်းခန့်ကိုကို(ခ)အိုမာခန်းတို့အား မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်တွင် HIJET အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား လည်းကောင်း ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် စိုးမြင့်(၅၅)နှစ်၊ လှသူဇာ(ခ)ဘေဘေ(၄၄)နှစ်၊ ဇော်သိန်း(ခ)စိုးနေ(၂၂)နှစ်၊ ဇော်မြင့်သူ(ခ)ရှက်ဟီဒွတ်လာ(၂၃)နှစ်၊ ကျော်ကျော်လှိုင်(ခ)ကျော်ကြီး(၃၅)နှစ်၊ စိုးသန်း(ခ)မိုဟာမက်ဆွာလေ(၄၄)နှစ်၊ ကျော်ဇေယျ(ခ)စဒက်ရှ်(၂၂)နှစ်နှင့် မင်းခန့်ကိုကို(ခ)အိုမာခန်း (၂၁)နှစ်တို့အား သက်ဆိုင်ရာ ရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။





(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*

*-*-*-*-*-*-*

# မုတ်သုံအဝင်မိုးများရွာသွန်း၊ သစ်ပင်လမ်းပေါ်လဲကျပြီး မော်တော်ယာဉ်ပေါ် ပိမိ

**မန္တလေး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ မန္တလေး-လားရှိုးလမ်းတွင် မေ ၂၁ရက် နံနက် ၇နာရီ ၂၈မိနစ်ခန့်က မိုးများ ရွာသွန်းထားခြင်းကြောင့် လုံးပတ်ငါးပေ၊ အမြင့်ပေ ၃၀ခန့်ရှိ ညောင်ပင်ကြီးသည် အမြစ်ဆွေးမြေ့ပြီး လမ်းဘေးရှိ မော်တော်ယာဉ်ပေါ်သို့ ပိမိနေကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ ပြင်ဦးလွင်မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သနွှေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေး-ရန်ကင်းတောင်သွားလမ်းတွင် မေ ၂၁ရက် နံနက်ပိုင်းက မိုးရွာသွန်းမှုများပြားခဲ့သဖြင့် လမ်းဘေးရှိ ထနောင်းပင်ကြီး လမ်းမပေါ်လဲကျနေသဖြင့် ပုသိမ်ကြီးမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေး ယာဉ်တစ်စီး၊ သနွှေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝင်း)



# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မေ ၁၉ ရက် ည ၇ နာရီတွင် မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်တွင် လမ်းလျှောက်လာသူ သီနွယ်အား စစ်ဆေးရှာဖွေရာ ၄င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သီနွယ်(၄၂)နှစ်အား မြိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



ဥပဒေဘောင်တွင်း
နေထိုင်ခြင်း၊
ဘေးကင်း
ရန်ကွာ
လွန်ချမ်းသာ။

# ဘီးလင်းမြို့နယ် ဘီးလင်း-နတ်ကြီးသွား ကားလမ်းမကြီးပေါ်ရှိ ပေ ၈၀ သံကူကွန်ကရစ်တံတား အမှတ်(၃/၁၇) အား KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် မေ ၂၆

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်စေရေး နိုင်ငံတစ်ဝန်းရှိ ပြည်သူများ စိတ်အေးချမ်းသာစွာ ခရီးသွားလာနေမှုများကို မလိုလား၍ လမ်း၊ တံတားများအား မိုင်းထောင် ဖောက်ခွဲခြင်းနှင့် အကြမ်းဖက်လုပ်ရပ် အမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တညင်ပင်ကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာ ဘီးလင်း-နတ်ကြီးသွား ကားလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ်၊ ၁၆/၂ နှင့် ၃ အကြား အရှည် ပေ ၈၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်အမျိုးအစား တံတားအမှတ်(၃/၁၇)အား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြသည်။ မိုင်းပေါက်ကွဲမှုဒဏ်ကြောင့် အဆိုပါ သံကူကွန်ကရစ်တံတားမှာ တောင်ဘက်ကမ်းကပ်ခုံမှ ပြိုကျပျက်စီးခဲ့ပြီး လူနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှု မရှိကြောင်းနှင့် ပျက်စီးသွားသည့် တံတားအား တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုင်းထောင်ဖောက်ခွဲမှုကြောင့် မော်တော်ယာဉ်များ၊ ဆေးရုံကားများ၊ ကျောင်းကားများ၊ ဈေးကားများသွားလာနိုင်မှု မရှိသဖြင့် ပြည်သူလူထုက ၎င်းတို့၏ လုပ်ရပ်အပေါ် လွန်စွာရွံမုန်းလျက်ရှိကြောင်းသိရပြီး မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို လိုအပ်သည့် တုံ့ပြန်မှုများ ပြုလုပ်နိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

သတင်းစဉ်




ဘီးလင်းမြို့နယ် ဘီးလင်း-နတ်ကြီးသွားကားလမ်း တံတားအမှတ်(၃/၁၇) သံကူကွန်ကရစ်တံတားအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် နေရာပြပုံ။



ဘီးလင်းမြို့နယ် ဘီးလင်း-နတ်ကြီးသွားကားလမ်း တံတားအမှတ်(၃/၁၇) သံကူကွန်ကရစ်တံတားအား KNLA အဖွဲ့နှင့်PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည့် တံတားပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။







# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားငါးဦးအား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ကာဇက်စတန်နိုင်ငံသားနှစ်ဦး၊ တောင်အာဖရိကနိုင်ငံသားသုံးဦး စုစုပေါင်း ငါးဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Zhenis Mambetaliyev နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံသံရုံးမှ First Secretary Mr.Hendrik Albertus Fourie နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၂၅ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၇ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




## ပရီးမီးယားလိဂ် ဂိုးအများဆုံးဆုနှင့် ဂိုးဖန်တီးမှုအများဆုံးဆုကို ဆာလာ ဆွတ်ခူး




**လန်ဒန် မေ ၂၆**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ဂိုးအများဆုံးဆု (Golden Boot Award) နှင့် ဂိုးဖန်တီးမှုအများဆုံး (Play-maker Award)ဆုတို့ကို လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် ပွဲစဉ်အားလုံး ကစားပြီးချိန်တွင် သွင်းဂိုး ၂၉ဂိုး နှင့် ဂိုးဖန်တီးမှု (၁၈)ကြိမ်ပြုလုပ်ကာ ယခုဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူးဆာလာသည် လီဗာပူးအသင်းအား ပရီးမီးယားလိဂ်ချန်ပီယံဆုကြီး ဆွတ်ခူးနိုင်အောင် အကောင်းဆုံး ပံ့ပိုးနိုင်ခဲ့သည်။ **(အပေါ်ဝဲပုံ)**

အသက်(၃၂)နှစ်အရွယ်ရှိ ဆာလာက "ကျွန်တော် အခုလိုဆုတွေကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အခုလိုဆုရရှိတာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ"ဟု ပြောသည်။ **(NGB)**

## နည်းပြ ဝဲလ်စတေးလ်အား နည်းပြသစ်အဖြစ် ဆောက်သမ်တန်အသင်းခန့်အပ်

**လန်ဒန် မေ ၂၆**

ဆောက်သမ်တန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဝဲလ်စတေးလ်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဆောက်သမ်တန်အသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဝဲလ်စတေးလ်သည် နည်းပြဘဝတစ်လျှောက်တွင် ရမ်းစ်၊ လန်းစ် စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဆောက်သမ်တန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် အသက်(၃၂)နှစ်အရွယ်ရှိ နည်းပြ ဝဲလ်စတေးလ်အနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် ဆောက်သမ်တန်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(အောက်ပုံ)(NGB)**



## ချာလိုဘာ အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ် ရွေးချယ်ခြင်းခံရ

**လန်ဒန် မေ ၂၆**

ချဲလ်ဆီးအသင်း နောက်ခံကစားသမား ချာလိုဘာသည်



နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ နောက်ခံကစားသမားသည် ကလပ်အသင်းဖြစ်သည့် ချဲလ်ဆီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၈ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံခဲ့ရခြင်း ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ချာလိုဘာက "ကျွန်တော် အခုလို နိုင်ငံ့လက်ရွေးစင်အသင်းကြီးမှာ ရွေးချယ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ ခေါ်ယူခဲ့တဲ့ နည်းပြတူချယ်လ်ကိုလည်း ကျေးဇူးတင်ပါတယ်။ လက်ရွေးစင်အသင်းအတွက် အစွမ်းကုန်ပေးဆပ်ကစားသွားမှာပါ" ဟု ပြောသည်။

**(ဝဲပုံ)(NGB)**

## ဆာနေးအား ခေါ်ယူရန် ဂါလာတာစာရေးအသင်း ဆွေးနွေး

**မြူးနစ် မေ ၂၆**

တူရကီကလပ် ဂါလာတာစာရေးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား ဆာနေးအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။ **(ယာပုံ)**

အသက်(၂၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ယခုနှစ်နွေရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းမှ ထွက်ခွာသွားတော့မည် ဖြစ်သည်။

တောင်ပံကစားသမား ဆာ



နေးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၂၂၀ကစားပြီး ၆၁ဂိုးသွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် ဂါလာတာစာရေးအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

ထို့ကြောင့် ဂါလာတာစာရေးအသင်းအနေဖြင့် ဆာနေးကို အသင်းသို့ ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

**(NGB)**

| ဘောလုံး သတင်း အတိုအထွာများ | |
|---|---|
| | * အက်သလက်တီကိုမက်ဒရစ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း ကစားသမားများဖြစ်သည့် ဂါနာချို့နှင့် အန်တိုနီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။<br>* အေစီမီလန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ သီယာဂိုမော့တာအား ခန့်အပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)** |



## နယူးကာဆယ်အသင်း ချန်ပီယံလိဂ် ဝင်ခွင့်ရရှိ

**လန်ဒန် မေ ၂၆**

ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းသည် လာမည့် ဘောလုံးရာသီတွင် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိခဲ့ပြီ ဖြစ်သည်။

နယူးကာဆယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အားလုံး ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၆၆ မှတ်ဖြင့် အဆင့်ငါးနေရာတွင် ရပ်တည်ပြီး အဆင့်ခြောက်နေရာမှ အက်စတွန်ဗီလာအသင်းနှင့် ရမှတ်တူသော်လည်း ဂိုးကွာခြားချက်အသာဖြင့် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။

နယူးကာဆယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နှစ်ပေါင်း ၇၀အတွင်း ပထမဆုံး ဆုဖလားအဖြစ် ခါရာဘောင်းဖလားအား ဆွတ်ခူးခဲ့သလို ချန်ပီယံလိဂ်ဝင်ခွင့်လည်း ရရှိမှုကြောင့် ကောင်းမွန်သည့် ဘောလုံးရာသီတစ်ခုအဖြစ် ဖြတ်ကျော်နိုင်ခဲ့သည်။

နယူးကာဆယ်အသင်းထုတ်ပြန်ချက်တွင် "အသင်းအခုလို ချန်ပီယံလိဂ် ဝင်ခွင့်ရရှိလို့ ဂုဏ်ယူပါတယ်။ အသင်းအတွက် အစွမ်းကုန်ပေးဆပ်ကြိုးစားခဲ့သူအားလုံးကို အထူးကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)**

**(NGB)**

## မိုဒရစ်အား ခေါ်ယူရန် အင်တာမီလန်အသင်း စီစဉ်

**မက်ဒရစ် မေ ၂၆**

အင်တာမီလန်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲခဲ့သည့် ဝါရင့် ကွင်းလယ်ကစားသမား မိုဒရစ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အသက်အရွယ်ပိုင်းအားဖြင့် ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင် ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီကလည်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၇ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

မိုဒရစ် ကိုယ်တိုင်ကလည်း အင်တာမီလန်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(အပေါ်ယာပုံ)**

ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် မိုဒရစ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ဒန်ဘန်း နယူးကာဆယ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လန်ဒန် မေ ၂၆**

နယူးကာဆယ်အသင်းသည် အသင်းနောက်ခံကစားသမား ဒန်ဘန်းကို ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၆ပွဲကစားကာ ရှစ်ဂိုးအထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဒန်ဘန်းက "အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(ဝဲပုံ)(NGB)**

## 2025 Makarska Open တင်းနစ်ပြိုင်ပွဲ ဇွန် ၂ရက်တွင် စတင်သွားမည်

**လန်ဒန် မေ ၂၆**

ခရိုအေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Makarska Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇွန် ၂ရက်တွင် စတင်သွားမည် ဖြစ်သည်။




အဆိုပါ 2025 Makarska Open တင်းနစ်ပြိုင်ပွဲကို ဇွန် ၂ရက်မှ ၈ရက်အထိ ၇ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Makarska Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Makarska Open တင်းနစ်ပြိုင်ပွဲ၏လက်ရှိချန်ပီယံမှာ အမေရိကန်တင်းနစ်မယ် Katie Vol-ynets ဖြစ်သည်။**(ဝဲပုံ)(NGB)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ Asia Tech Singapore - Communic Asia 2025 (Singapore Expo) နည်းပညာပြပွဲသို့ တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ ထွက်ခွာ

**မန္တလေး မေ ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ စင်ကာပူမြို့၌ မေလ ၂၇ ရက်မှ မေလ ၂၉ ရက်အထိ ကျင်းပမည့် Asia Tech Singapore-Communic Asia 2025 (Singapore Expo) နည်းပညာပြပွဲသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းက ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**



အဆိုပါ နည်းပညာပြပွဲသို့ တက်ရောက်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူး ဦးစိုးနှင်းသိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်တို့ လိုက်ပါသွားကြသည်။

အဆိုပါနည်းပညာပြပွဲသည် စင်ကာပူနိုင်ငံတွင် နှစ်စဉ် ကျင်းပလေ့ရှိပြီး အာရှ၏ အကြီးမားဆုံးနည်းပညာပြပွဲတစ်ခုဖြစ်ကြောင်း၊ ပြပွဲသို့ နိုင်ငံတကာမှ ပံ့ပိုးကူညီသူများ၊ ဆက်သွယ်ရေးနည်းပညာများ၊ 5G, 6G ကြိုးမဲ့ဆက်သွယ်ရေး၊ Satcom, Cloud Computing , IoT ( Internet of Things), AI, ကွန်ရက်အခြေခံဖွဲ့စည်းမှုများ စသဖြင့် စီးပွားရေးလုပ်ငန်းများနှင့် နည်းပညာလုပ်ငန်းများအတွက် အရေးကြီးသော နည်းပညာများကို တင်ဆက်ပြသသော နိုင်ငံတကာ နည်းပညာနှီးနှောဖလှယ်ပွဲကြီး ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



## လူသုံးကုန်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**စစ်ကိုင်း မေ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အိမ်တွင်းတစ်ပိုင်တစ်နိုင် မိသားစုစီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းမှ ဝင်ငွေများ ရရှိကာ လူမှုစီးပွားဘဝမြင့်မားလာစေရန်၊ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်နှင့် သွင်းကုန်အစားထိုးထုတ်လုပ်မှုများ အားကောင်းလာစေရန် ရည်ရွယ်၍ လူသုံးကုန်အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ ဖွင့်လှစ်သင်ကြားပေးရာ မေ ၂၃ရက်က သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ပြီး အောင်မြေဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာတော်က အဖွင့်အမှာစကားကို လည်းကောင်း၊ စစ်ကိုင်းခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို လည်းကောင်း၊ သင်တန်းနည်းပြက သင်တန်းတွင် သင်ကြားပေးမည့် ဘာသာရပ်များကိုလည်းကောင်း ပြောကြားခဲ့သည်။

သင်တန်း၌ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲအမျိုးမျိုး၊ ပန်းကန်ဆေးဆပ်ပြာ၊ လက်ဆေးဆပ်ပြာ၊ ရေချိုးဆပ်ပြာနှင့် အဝတ်လျှော်ဆပ်ပြာ ပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့ဖြင့် မေ ၂၃ရက်မှ မေ ၂၇ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းထူထောင်သူများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ ဓာတ်ခွဲစမ်းသပ်ပြီး မှတ်ပုံတင်လျှောက်ထားနိုင်ရန် ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**

## ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းများ ရှောင်ကြဉ်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မေ ၂၆**

ပြည်သူလူထုအတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းများ ရှောင်ကြဉ်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို မေ ၂၀ ရက်မှစတင်၍ မန္တလေး (၆)မြို့နယ်အတွင်း၌ ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ပြည်သူများ ကျန်းမာရေးနှင့် လျော်ညီသည့်နေထိုင်စားသောက်မှုပုံစံရရှိစေရေးနှင့် အထူးသဖြင့် ကွမ်း၊ဆေးလိပ်နှင့်ဆေးရွက်ကြီးပစ္စည်းများ ရှောင်ကြဉ်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ငလျင်ဘေးသင့်ပြည်သူများ နေထိုင်သည့် ယာယီ ကယ်ဆယ်ရေးစခန်းများ၊ ကျောင်းအပ်နှံရေးသီတင်းပတ်တွင် ကျောင်းလာအပ်သည့် ကျောင်းသားမိဘများ၊ ဆေးလိပ်နှင့်ကွမ်းပစ္စည်းဆိုင်များကို ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကို နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအပြင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်နှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးအသိပညာပေး စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များကိုလည်း အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**



**ပန်းမန်သစ်ပင်၊ လေသန့်စင်၍၊ ဥယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏။**

## ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်သရိုက်နှင့် နုန်းသဲများ ဆယ်ယူရှင်းလင်းဆောင်ရွက်

**ပွင့်ဖြူ မေ ၂၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြသန့်ရှင်းသာယာလှပရေးနှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ဝန်ထမ်းများက မိုးရာသီကာလ မြို့တွင်း ရေကြီးရေလျှံမှုမဖြစ်စေရေး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေနုတ်မြောင်းများရှိ အမှိုက်သရိုက်များနှင့် နုန်းသဲများ ဆယ်ယူခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ပွင့်ဖြူမြို့ပတ်လမ်းမှ သရဖီလမ်းအထိ လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်ရှိ ရေနုတ်မြောင်းများအတွင်း ပိတ်ဆို့နေသော အမှိုက်သရိုက်နှင့် နုန်းသဲများကို အမှိုက်သိမ်းယာဉ်တစ်စီးဖြင့် စနစ်တကျ စုပေါင်းဆယ်ယူရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်ကင်းစင်ရေးအတွက် ရပ်ကွက်များအတွင်း အမှိုက်သိမ်းယာဉ်ဖြင့် စွန့်ပစ်အမှိုက်များကို လိုက်လံသိမ်းဆည်းခြင်း၊ မြို့မဈေး အမှိုက်ကန်ရှိ စွန့်ပစ်အမှိုက်များကို ရှင်းလင်းသိမ်းဆည်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၄၄၅

ဝ-ဝ-ဝ-ဝ-ဝ



## သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကျင်းပ

**ကလော မေ ၂၆**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ငုံးသုံ့ကျေးရွာနှင့် ဘော်နင်းကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာတို့ရှိ ဘုန်းတော်ကြီးကျောင်းတို့တွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက အောင်ပန်း-အင်းလေးကန်ကြားရှိ ရေဝေရေလဲ တောင်ကုန်းတောင်တန်းများတွင် သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းရေးအတွက် ရည်ရွယ်၍ အသိပညာပေးဆွေးနွေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကလောမြို့နယ်၊ ငုံးသုံ့ကျေးရွာ၊ သိရီမင်္ဂလာအောင်ဇမ္ဗူဒီပအေးမြွှောရုံကျောင်းတိုက်တွင် နေပြည်တော်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက သစ်တောများမှ ပံ့ပိုးပေးနေသော အကျိုးကျေးဇူးအကြောင်း၊ သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ထိန်းသိမ်းကြစေလိုကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမောင်အေးက ရေဝေရေလဲဒေသများတွင် လူသားနှင့်သဘာဝဝန်းကျင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် သစ်ပင်စိုက်ပျိုးနည်းစနစ်များအကြောင်း၊ သစ်တောသုတေသန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအိအိဆွေလှိုင်က သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း အကျိုးကျေးဇူးအကြောင်း၊လိုင်းအလိုက်သစ်ပင်စိုက်ပျိုးခြင်း၊ အရိပ်ရပင်များကြား စီးပွားဖြစ် သီးနှံစိုက်ပျိုးခြင်းတို့ဖြင့် ဝင်ငွေတိုးပွားစေနိုင်သည့် အကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ကြပြီး ဒေသခံပြည်သူများက ဆွေးနွေးဟောပြောချက်များအပေါ် သိရှိလိုသည်များ ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကလောမြို့နယ်၊ ဘော်နင်းကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် နေပြည်တော်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ဝင်များက အောင်ပန်း-အင်းလေးကန်ကြားရှိ ရေဝေရေလဲ တောင်ကုန်း တောင်တန်းများတွင် သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးဟောပြောပွဲ ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီခွဲကစတင်၍ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညီနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ရွှေစည်းခုံစေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းဆက်ကပ် လှူဒါန်းခြင်း စတုတ္ထပိုင်းလုပ်ငန်းစဉ်များပါ အလယ်ပစ္စယံနှင့် အောက်ပစ္စယံတို့အား ရွှေသင်္ကန်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား လည်းကောင်း၊ မန္တလေးမြို့ အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းနှင့် China Foundation for Peace and Development တို့ ပူးပေါင်း၍ လှူဒါန်းသည့် ဆိုလာမီးတိုင် အစုံ ၁၅၀ အား ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများ၊ လမ်းများတွင် ညပိုင်းမီးအလင်းရောင်ရရှိစေရေးအတွက် စနစ်တကျ စိုက်ထူနိုင်ရေး သက်ဆိုင်ရာဌာနများ၏ ကြီးကြပ်မှုဖြင့် လျာထားသတ်မှတ်၍ ဆောင်ရွက်လျက်ရှိရာ ရွှေစည်းခုံဘုရား၊ ချအင်လိုင်းတန်ဆောင်းအနီးတွင် ဆိုလာမီးတိုင်စိုက်ထူပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခြင်းကိုလည်းကောင်း၊ ထီးလိုမင်းလိုဘုရားနှင့် တံတိုင်းအကြားရင်ပြင်တော်၌ သဲကျောက်ပြားခင်းခြင်းလုပ်ငန်းအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက မဆောင်ရွက်မီ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)(၄၈၁)**

## ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ကံမ မေ ၂၆**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂နာရီက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ခံအရာရှိများ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းငွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထိပ်တင်ဦးက ကံမမြို့နယ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို သက်ဆိုင်ရာဌာနများနှင့် ရပ်ကွက်၊ကျေးရွာအုပ်စုများသို့ တာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



**ဇော်ထက်(သရက်)**

## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**ကျောက်ဆည် မေ ၂၆**

ပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရေး၊ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် သင်တန်းများဖွင့်လှစ်ပေးလျက်ရှိရာ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ကျောက်ဆည်ခရိုင် ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျဝင်းက လူသုံးကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး ကြိုးစားသင်ယူကြရန် အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သင်တန်းသူများအနေဖြင့် ကိုယ်ပိုင်စီးပွားရေးထူထောင်ပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြ ဒေါ်နွယ်နီအောင်နှင့် ဒေါ်သဲဆုအောင်တို့က ဘက်စုံသုံးဆပ်ပြာဆီ၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊ တရော်ကင်ပွန်းခေါင်းလျှော်ရည်နှင့် မျက်နှာသစ်ဆပ်ပြာခဲ ပြုလုပ်နည်းတို့ကို သင်တန်းသူ ၂၀ ဦးအား မေ ၂၆ ရက်မှ ၃၀ ရက်အထိ ၅ ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**တင်တင်ထွေး**



## မိသားစုဝင်ငွေတိုး အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

**ပခုက္ကူ မေ ၂၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းများမှ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးဆောင်ရွက်မည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို မေ ၂၅ ရက် နံနက် ၁၀နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းစည်းမျဉ်း၊ စည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားပြီး ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်မိုးမြင့်က သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းကာလအတွင်း အသုံးပြုမည့် စက်ချုပ်နည်းပညာဆိုင်ရာပစ္စည်းများ၊ ယခင် သင်တန်းသူများကိုယ်တိုင် ရေးဆွဲချုပ်လုပ်ထားသည့် အဝတ်အထည် ဒီဇိုင်းများနှင့် လူသုံးကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၅ဦး တက်ရောက်မည်ဖြစ်ပြီး မေ ၂၅ရက်မှ ဇွန် ၂၃ရက်အထိ သင်တန်းကာလအတွင်း စက်ချုပ်သင်တန်းသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်းနှင့် ချုပ်ရိုးများ၊ စက်နင်းနည်း၊ ခန္ဓာကိုယ်တိုင်းတာနည်း၊ Pattern ဆွဲနည်း၊ မိန်းမဝတ်ရင်စေ့လက်ဆက်နှင့် မြန်မာရင်ဖုံး အင်္ကျီချုပ်နည်း၊ မိန်းမဝတ်နောက်ဇစ်နှင့် ရင်ဖြတ်ဆက်ချုပ်နည်း၊ ကလေးဝတ်၊ သဘော်သား၊ ဟာဝေယံရှပ်အင်္ကျီများချုပ်နည်း၊ ဘောင်းဘီ၊ လေးလွှာစကပ်၊ ချိတ်စကပ်ချုပ်နည်းများ စသည့်ဘာသာရပ် ၁၂ မျိုးကို စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများမှ စက်ချုပ်နည်းပညာကို အမှန်တကယ် စိတ်ဝင်စားပြီး လုပ်ငန်းထူထောင်လုပ်ကိုင်လိုသူ ငါးဦးအား ရွေးချယ်၍ တစ်ဦးလျှင် ငွေကျပ် ၁၈သိန်းနှင့်ညီမျှသော လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၃၄၀)**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ မန္တလေးတိုင်းဒေသကြီးအတွင်း ကြိုးပြင်ကာကွယ်တော နှစ်ခု သတ်မှတ်

**မန္တလေး မေ ၂၆**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ရာသီဥတုမျှတပြီး စိမ်းလန်းစိုပြည်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းကာကွယ်ရန် ၂၀၂၅ ခုနှစ်၊ ဧပြီ ၃၀ မှစတင်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ကြိုးပြင်ကာကွယ်တော နှစ်ခု သတ်မှတ်ခဲ့သည်။

အဆိုပါ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ-၆၊ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်သည်ဟု ဆိုသည်။

"အပူပိုင်းဒေသရဲ့ သဘာဝတောကျန်တွေ ထိန်းသိမ်းခြင်းကြောင့် ပတ်ဝန်းကျင် အပူချိန်ကျဆင်းပြီး ခြောက်သွေ့မှု ကာကွယ်ဖို့၊ ရာသီဥတုမျှတစေပြီး စိမ်းလန်းစိုပြည်ဖို့နဲ့ မြေဆီတိုက်စားမှုတွေ တားဆီးကာကွယ်နိုင်ဖို့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအဖြစ် ထိန်းသိမ်းကာကွယ်တာဖြစ်ပါတယ်"ဟု သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းမှ သာစည်မြို့နယ်တွင် ဧရိယာ ၆၃၈၃ ဧကရှိသော နယ်မြေကို ဝါးရှက်ကြိုးပြင်ကာကွယ်တောအဖြစ်လည်းကောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းမှ ဧရိယာ ၃၇၇၁ ဧကရှိနယ်မြေကို ရမ်းချောင်းကြိုးပြင်ကာကွယ်တောအဖြစ်လည်းကောင်း ၂၀၂၅ ခုနှစ်၊ ဧပြီ ၃၀ရက်က သတ်မှတ်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထိန်းသိမ်းခြင်းဖြင့် ၄င်းနယ်မြေအတွင်းရှိ သဘာဝအလျောက် နေထိုင်ကျက်စားကြသည့် တိရစ္ဆာန်များ၏ စားကျက်များကို ထိန်းသိမ်းနိုင်ခြင်း၊သဘာဝပေါက်ပင်များနှင့် သစ်အမျိုးအစားများကို ထိန်းသိမ်းနိုင်ခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်လာစေနိုင်ခြင်း၊ မြေအောက်ရေ ထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှု တိုးတက်လာကာ ရာသီဥတု ပိုမိုကောင်းမွန်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဟု ဆိုသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-ဇ)



## Samsung Myanmar က ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဒေသများသို့ အိမ်သုံးလျှပ်စစ်ပစ္စည်းများ လှူဒါန်း

**မန္တလေး မေ ၂၆**

Samsung Myanmar က အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်နှင့် အင်းလေးဒေသများ ပြန်လည်ထူထောင်ရေးအတွက် စုစုပေါင်း ငွေကျပ် သိန်း၁၄၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားစက်များ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ လေအေးပေးစက် စသည့် Samsung အမျိုးအစားအိမ်သုံးလျှပ်စစ်ပစ္စည်းများကို မေ ၂၃ရက်နှင့် ၂၄ရက်များက ပြည်သူ့ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ဂေဟာများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ဘုရားစေတီများ၊ လူမှုကယ်ဆယ်ရေးစင်တာများ၊ လေဆိပ်များသို့ ဒေသခံလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ လှူဒါန်းလျက် ရှိသည်။

မန္တလေးမြို့ရှိ ငလျင်ဒဏ်သင့် တန်ခိုးကြီးဘုရားများ လှူဒါန်းမှုတွင် မဟာမုနိဘုရားကြီးသို့ မေ ၂၃ရက်က ငွေကျပ် ၇၉၅၆၀၀၀ တန်ဖိုးရှိ လက်မ ၅၀ ရုပ်မြင်သံကြားစက် လေးလုံးကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားသို့ ငွေကျပ် ၅၉၅၂၀၀၀ တန်ဖိုးရှိ လက်မ ၅၀ ရုပ်မြင်သံကြားစက် သုံးလုံးတို့အား လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၅)

## ဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ရေးအဆင်ပြေစေရန် အလှူငွေနှင့် ဆန်များ ထောက်ပံ့လှူဒါန်း

**ပုဂံ မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံဒေသရှိ ဝင်ငွေနည်းအိမ်ထောင်စုများအား စားသောက်ရေးအဆင်ပြေစေရန် ရည်ရွယ်၍ မေ ၂၅ရက်က အလှူငွေနှင့် ဆန်များထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း ပုဂံမြို့ရတနာဘုံစံတောရမဠ္ဌ ရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရထံမှ သိရသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် အလှူရှင် ရွှေဘိုမြို့မှ ကိုထက်မွန်အောင်-မမူမူဝင်း မိသားစုက ပုဂံမြို့၊ ရတနာဘုံစံတောရမဠ္ဌ ရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရနှင့် ဆရာတော်၊ သံဃာတော်များကို ဖူးမြော်ကြည်ညို၍ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် အလှူရှင်မိသားစုက ဆရာတော်၊ သံဃာတော်များ၏ ဦးဆောင်မှုဖြင့် ပုဂံဒေသရှိ ဝင်ငွေနည်း အိမ်ထောင်စု လူဦးရေ ၅၀၀အား တစ်ဦးလျှင် ဆန်တစ်ပြည်စီနှင့် ငွေကျပ် ၅၀၀၀စီတို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၄၄၅)



## ငလျင်ဘေးသင့် မသန်စွမ်းသူများအား လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်

**စစ်ကိုင်း မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်မှ ငလျင်ဘေးသင့် မသန်စွမ်းသူများအား ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို မေ ၂၃ရက်က စစ်ကိုင်းမြို့၊ မျက်မမြင်ကျောင်း၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း စစ်ကိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် စစ်ကိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်အောင်၊ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ ဦးမြတ်သူဝင်းတို့က စစ်ကိုင်းမြို့နယ်မှ ငလျင်ဘေးသင့် မသန်စွမ်းသူ ၁၁၁ဦးအား တစ်ဦးလျှင် ဆန် ၂၄ပြည်၊ ကြက်ဥ ၁၀လုံး၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ကြက်သွန်နီ၊ စားသုံးဆီ၊ ဆား စသည့် စားသောက်ကုန်ပစ္စည်းများနှင့် စတီးလ်ဇလုံ၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ ဆေးဝါး စသည့် လူသုံးကုန်ပစ္စည်းများကို တစ်ဦးချင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ရမည်းသင်း မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မြို့လှကျေးရွာအုပ်စု၊ သီးကုန်းကျေးရွာတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း၊ အသိပညာပေးခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို မေ ၂၄ရက် နံနက် ၇နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ အဘိတ်ဆေးခတ်ခြင်းနှင့်ရောဂါကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်း လုပ်ဆောင်ရာတွင် ကျေးရွာအတွင်းရှိနေအိမ်များတွင် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မိုးသီး)

## ပြည်သူ့စာကြည့်တိုက်တွင် အခမ်းနားမှူးသင်တန်းဖွင့်လှစ်

**တောင်တွင်းကြီး မေ ၂၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အခမ်းနားမှူးသင်တန်းကို ယမန်နေ့ နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ကျင်းပရာ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က အခမ်းနားမှူးသင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ (အောက်ပုံ)

ထို့နောက် သင်တန်းဆက်လက်ပို့ချရာ အခမ်းနားမှူးတစ်ဦးတွင် ရှိရမည့်အရည်အချင်းများ၊ သတ္တိ၊ သတိ၊ သိတတ်ခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ ခန်းမတွင်း အခမ်းအနားဆောင်ရွက်ခြင်းနှင့် ခန်းမပြင်အခမ်းအနားဆောင်ရွက်ရာ၌ အခမ်းနားမှူး၏ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများ၊ မှားတတ်သည့်သဒ္ဒါအထားအသိုနှင့် အသုံးအနှုန်းများ၊ ရုပ်ပိုင်းဆိုင်ရာများ၊ ဝတ်စားဆင်ယင်မှု၊ ကြိုတင်ပြင်ဆင်မှု၊ အသံပိုင်းဆိုင်ရာနှင့် မိုက်အသုံးပြုမှုတို့ကို သင်ကြားခဲ့ကြောင်း သိရသည်။

နောင်နောင်(ဗိုလ်သနီးမြေ)



## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်း (၁/၂၀၂၅) စာမေးပွဲကျင်းပ

**ဟိုပုံး မေ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ အခြေခံပညာဦးစီးဌာန လုပ်ငန်းခွင်အတွင်းရှိ ပညာရေးဒီပလိုမာ မရရှိသေးသည့် ဆရာ၊ ဆရာမများကို ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာဘွဲ့ ရရှိစေပြီး ဆရာအတတ်ပညာ အရည်အသွေး ပိုမိုပြည့်ဝကာ သင်ကြားရေး စွမ်းရည်မြင့်မားပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သော ဆရာ၊ ဆရာမများဖြစ်လာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း Diploma in Education and Pedagogy (Dip.EP)(၁/၂၀၂၅) ၏ ပညာရေးသဘောတရား၊ ဂီတအနုပညာဘာသာရပ်စာမေးပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖြေဆိုကြသည်။

စာမေးပွဲတွင် ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ နမ့်စန်မြို့နယ်၊ မိုင်းကိုင်မြို့နယ်တို့မှ ဆရာ၊ ဆရာမများ စာရင်းရှိ ၄၀၂ ဦး၊ ဝင်ရောက်ဖြေဆိုသူ ၄၀၂ ဦးဖြစ်ပြီး ပညာရေးသဘောတရား၊ ဂီတအနုပညာ၊ ပညာရေးစိတ်ပညာ၊ စိုက်ပျိုးရေး၊ မြန်မာစာသင်ပြနည်း၊ အိမ်တွင်းမှု၊ စက်မှု၊ သင်္ချာသင်ပြနည်း၊ ပန်းချီ၊ သိပ္ပံသင်ပြနည်း၊ ကာယပညာ၊ အထွေထွေလူမှုရေး၊ အင်္ဂလိပ်စာသင်ပြနည်း ဘာသာရပ်များကို ဖြေဆိုကြမည်ဖြစ်သည်။

အဆိုပါစာမေးပွဲကို မေ ၂၃ရက်မှ မေ ၃၀ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်း Diploma in Education and Pedagogy (Dip.EP) (၁/၂၀၂၅) ကို မတ် ၂၄ ရက်မှ မေ ၃၀ ရက်အထိ သင်တန်းနည်းပြဆရာ၊ ဆရာမ ၁၁ဦး၊ သင်တန်းကြီးကြပ်ဆရာ၊ ဆရာမ ၁၃ ဦးဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး စာတွေ့၊ လက်တွေ့သင်ကြားပေးကာ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ နမ့်စန်မြို့နယ်နှင့် မိုင်းကိုင်မြို့နယ်များမှ ဆရာ၊ ဆရာမများ တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။ (ဇံပုံ) (၃၆၈)



## လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ခြင်း အသိပညာပေးဆွေးနွေးပွဲ Talk Show ကျင်းပ

**မင်းဘူး မေ ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ခြင်း အသိပညာပေးဆွေးနွေးပွဲ Talk Show ကို ယမန်နေ့ နံနက်ပိုင်းက မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

အသိပညာပေး ဆွေးနွေးပွဲတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်မိုင်သန္တာထွန်းတို့က လူမှုကာကွယ်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်များအား အချိန်ကာလနှင့် ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဆွေးနွေးကြရာတွင် သက်ကြီးအဘိုး၊ အဘွားများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အသက် ၉၀အရွယ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ အသက် ၈၅ နှစ်အထိ လျှော့ချကာ တစ်လလျှင် ငွေကျပ် တစ်သောင်း၊ သုံးလလျှင် သုံးသောင်းကို မြန်မာ့စီးပွားရေးဘဏ်၌ ထုတ်ယူနိုင်ပြီး ပင်စင်လျှောက်ထားလိုသူများအနေဖြင့် ၁၉၄၀ ပြည့်နှစ်၊ ဧပြီ ၁ရက်၊ ၁၃၀၁ ခုနှစ်၊တပေါင်းလဆုတ် ၁၀ ရက် မတိုင်မီ မွေးဖွား၍ အသက် ၈၅ နှစ်ပြည့်သူများသည် မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံသုံးပုံဖြင့် မေ ၃၁ ရက်တွင် နောက်ဆုံးထား၍ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် နီးစပ်ရာ လူမှုဝန်ထမ်းဦးစီးဌာနရုံးများတွင် လျှောက်ထားနိုင်ကြောင်းကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)(၅၀၄)






ဖတ်စရာ၊ မှတ်စရာ
စုံလင်
ကြေးမုံ

### လောက သဘာဝတရား

* အရိပ်အသွင်
စိတ်အစဉ်
ဘဝင်ညိမ့်ညိမ့်
တသိမ့်သိမ့်ခံစား
ဘဝအလှတရား ။

* ဖြစ်ပြန် ပျက်ပြန်
ဘဝလောကခံ
ဖောက်ပြန် ပျက်ပြုန်း
ဘဝဆုံးကြ ။

* သဘာဝ လျှောင်ဘေးဒဏ်
သင့်ကြပြန်
ဆုံးရှုံးပျက်သုဉ်း
လောကသံဝေဂတရား ။

* ဖြစ်ခြင်း ပျက်ခြင်း
ပျက်ယိုယွင်း
မယွင်းမှန်လှ အနိစ္စ ။

* ဆင်းရဲဖုံဖုံ ဒုက္ခကြုံ
ကိုယ်ဖြစ်ချင်သလို မဖြစ်ရ
အစိုးမရ အနတ္တ ။

* ရှု မှတ်ဆင်ခြင်
လောကမမြင်
ရှု မှတ်ပွားများ
လောကသဘာဝတရား ။ ။

ကောင်းတေးသီ(အမရပူရ)

## အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မူဆယ် မေ ၂၆**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မေ ၂၄ ရက် နံနက် ၈ နာရီတွင် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်ရှိ မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနပိုင် အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ရေမြောင်းဆယ်ယူခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းအား မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာန၊ သန့်ရှင်းရေးဌာနစိတ်၊ ပျိုးဥယျာဉ်ဌာနစိတ်တို့မှ ဝန်ထမ်းအင်အား ၅၀ ဦးဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)(ကဆ)**



ရောဂါကင်းစင် စိတ်လန်းရွှင် အမြင်လည်းလှ သန့်ရှင်းကြ။

## မဟာမုနိဘုရား ကျောင်းတော်ကြီး၊ ပြတိုက်၊ စောင်းတန်း၊ မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန် ငွေများလာရောက်လှူဒါန်း

**မန္တလေး မေ ၂၆**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏ စိန်ဖူးတော်အား အသစ်ပြန်လည်တင်လှူမည် ဖြစ်သည်။ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့်ပူဇော်မည် ဖြစ်သည်။

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လာရောက်လှူဒါန်းလျက်ရှိရာ မေ ၂၂ရက် နံနက်ပိုင်းက ဗီယက်နမ်နိုင်ငံမှ BUDDHIST NUN OF THU CI -TY VIETNAN အဖွဲ့မှ ငွေကျပ် သိန်း ၅၀၊ ချမ်းမြသာစည်မြို့နယ်၊ သံထီးတန်းရပ်မှ ဦးထွန်းရှိန်+ဒေါ်ညွန့်တို့အား ရည်စူး၍ (သမီး) ဒေါ်သန်းသန်းဆွေ၊ ဒေါ်အမာကြည်မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အလယ်ရွာနေ ဦးအောင်စိုးဦး+ဒေါ်ခင်သန်းမြင့်မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နေ ဦးအေးကို+ဒေါ်နန်းမြင့်မြင့်စိုး မိသားစုက ငွေကျပ် သိန်း ၂၀တို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးကျောင်းတော်ကြီးပြုပြင်ရန်၊ ပြတိုက်များပြင်ဆင်ရန်၊ စောင်းတန်းများပြုပြင်ရန်၊ မုခ်ဦးပြာသာဒ်များပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃ ၀၂၀၆၁၀၀၄၄၉၁၀၁နှင့် UAB ဘဏ် ငွေစာရင်းအမှတ် ၀၁ ၇၁ ၃၀ ၁၀၀၀ ၁၂၂၅၉ နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 01 7012 1000 00750 နှင့် ဖုန်း ၀၉-၄၄၄၀၄၄ ၄၇၅၊ ၀၉-၄၀၂၅၉၉၉၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဝဲပုံ)

**မောင်ပြည်သူ(မန္တလေး)**





**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဗိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆရာတော် ဘဒ္ဒန္တစန္ဒာဝရနှင့် Mr.Sjafrudin+Mrs. Jenny Lie မိသားစု Medan, Indonesia နိုင်ငံတို့မှ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် ၁၀ သိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်း၊ ကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူကြစဉ်။ (ကဆ)**

## တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များနှင့် ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ ငလျင်ဘေးသင့်အတွက် အလှူငွေများ လှူဒါန်း

**မန္တလေး မေ ၂၆**

မြန်မာပြည်တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပကျောင်းတိုက်များ၊ ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ ငလျင်ဘေးသင့်ကျောင်းတိုက်များနှင့် လူနေအိမ်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မန္တလေးမြို့ ယူနန် ဗုဒ္ဓဘာသာဘုရားကျောင်းမှဂေါပက ဥက္ကဋ္ဌဦးတင်ထွန်းနှင့် အဖွဲ့ဝင်များ ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပ ကျောင်းတိုက်များမှ ဒါယကာ၊ ဒါယိကာမများကို မေ ၁၈ရက်တွင် အင်းဝမြို့ တဝဂူမြတ်စွာဘုရား၌ အလှူငွေကျပ် သိန်းတစ်ရာ၊ မေ ၁၇ရက်နှင့် ၁၉ရက်တွင် စစ်ကိုင်းမြို့ရှိ ကုန်လုံဘုန်းကြီးကျောင်း၊ သာသနာရောင်ခြည်ကျောင်း၊ သမ္မုရတနာကျောင်း၊ စိန္တိတာရာမကျောင်း၊ စိန်ရတနာကျောင်း၊ ရွှေတော်ရီကျောင်း၊ ဓမ္မထေရီကျောင်း၊ မြဇေယျာကျောင်း၊ သဒ္ဓမ္မဇေယျာကျောင်း၊ အေးသန္တာဝတီကျောင်း၊ စန်းရတနာကျောင်း၊ သာသနာသီရိ ကျောင်း၊ တိသစ္စာယာကျောင်း၊ အနန္တသစ္စာဂုဏ်ရည်ကျောင်း၊ အင်ကြင်းပင်ကျောင်း၊ ဂုဏ်ဆရာကြီးကျောင်း အစရှိသည့် ကျောင်းတိုက်များမှ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား အလှူငွေများ လှူဒါန်းကြသည်။ ဆက်လက်၍ စစ်ကိုင်းမြို့နှင့် အင်းဝမြို့ရှိ ငလျင်ဘေးသင့်ပြည်သူများအား အလှူငွေ ထောက်ပံ့ပေးအပ်ကြသည်။ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် သိန်းသုံးထောင့်ငါးရာ ကိုးဆယ့်ကိုးသိန်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၉၁)**



## မန္တလေးငလျင်ဘေးကြောင့် ပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စုများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အလှူငွေနှင့် ပစ္စည်းစုံပေးအပ်

**တပ်ကုန်း မေ ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်နှင့် ဘုရင့်နောင်ရပ်ကွက်များအတွင်း မတ် ၂၈ ရက်က မန္တလေးမြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စုများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ယမန်နေ့ မွန်းလွဲပိုင်းက အလှူငွေနှင့် ပစ္စည်းစုံပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ညွှန်ကြားရေးမှူး ဒေါ်အေးချမ်းခင် ဦးဆောင်သည့် နေပြည်တော်တိုင်း ကြက်ခြေနီ တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့မှူးနှင့်အဖွဲ့ဝင်များက မြဝတီရပ်ကွက်တွင် ငလျင်ဘေးသင့် ပြိုပျက်အိမ်ထောင်စု ၂၁၃ စု၊ ဘုရင့်နောင်ရပ်ကွက်တွင် ငလျင်ဘေးသင့် ပြိုပျက်အိမ်ထောင်စု ၂၄၅ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ ဆန် ၁၂ ပြည်နှင့် မိုးကာ၊ ငါးသေတ္တာနှစ်ဘူးနှင့် မုန့်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✱-✱-✱-✱-✱-✱

## အဓိဋ္ဌာန်အောင် ရွှေအံတော်ဘုရား သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန် အလှူငွေ လှူဒါန်း

**မန္တလေး မေ ၂၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အင်းဘဲရပ်ရှိ အဓိဋ္ဌာန်အောင်ရွှေအံတော်ဘုရားပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများသည် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဂေါပကအဖွဲ့မှ ရှေးမူမပျက်ပြန်လည်ပြုပြင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

အဓိဋ္ဌာန်အောင် ရွှေအံတော်ဘုရား ဘက်စုံပြန်လည်ပြုပြင်ရေးအတွက် မေ ၂၁ရက်က အလှူငွေများ လာရောက်လှူဒါန်းရာ အောင်မြေသာစံမြို့နယ်၊ နဘဲကြူးရပ်နေ ဦးအောင်ဆန်းဦး + ဒေါ်နှင်းနှင်းဦး (မော်တော်ယာဉ်လုပ်ငန်း)က ငွေကျပ်ငါးသိန်း၊ ဦးမြင့်အောင် + ဒေါ်သင်းသင်းလွင်(အမျိုးသား ဆပ်ပြာစက်) မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးမြင့်သိန်း+ဒေါ်ကြည်စိန် (5K ဘက်ထရီ)မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးမျိုးမြင့် + ဒေါ်သင်းသင်းလှိုင်(စက္ကူရောင်းဝယ်ရေး)က ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်လွင်ထိုက် + ဒေါ်ခိုင်ခိုင်ငြိမ်း (အရုပ်ဆိုင်)မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးဇော်ဝင်းနိုင် + ဒေါ်နီနီဆန်း(ဆိုင်ကယ်ဝပ်ရှော့)က ငွေကျပ်တစ်သိန်း၊ ဦးကျော်စိုးမိသားစုက ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်နှင့် ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၄၅)**




## ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ဒေသခံပြည်သူများအား အလှူငွေနှင့် ပစ္စည်းစုံပေးအပ်

**မြစ်သား မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မန္တလေးငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ဒေသခံလူနေအိမ် ပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ငွေနှင့်ပစ္စည်းစုံပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ရွှေမုဋ္ဌောဘုရားဝင်းအတွင်းရှိ မဟာအတုလဝေယံဘုံမြင့် ဓမ္မာရုံ၌ လှူဒါန်းကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆောင်ရွက်ပေးလျက်ရှိရာ ငလျင်ဘေးသင့် အကျိုးခံစားခွင့်ရှိသူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါ်ရီရီတင် ဦးဆောင်သည့် မန္တလေးမြို့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ငလျင်ဘေးတုံ့ပြန်ညှိနှိုင်းမှုအသင်းမှ ဦးချမ်းမြေ့ထွန်းနှင့် တပ်ဖွဲ့ဝင် ၁၂ဦးတို့က မြစ်သားမြို့ပေါ် (၆)ရပ်ကွက်ရှိ ငလျင်ဘေးသင့်အိမ်ထောင်စု ၂၇၇ စုအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀၊ မိသားစုသုံးပစ္စည်းများဖြစ်သော စောင်၊ ခြင်ထောင်၊ ကလေးအဝတ်၊ သွားတိုက်ဆေး၊ သွားတိုက်တံပါဖာ တစ်ဖာ၊ မိုးကာ နှစ်ချပ်စသည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ရာ မြို့နယ်ကြက်ခြေနီအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်ဦး၊ တပ်ခွဲမှူး ဦးထက်ထက်ဟန်၊ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များနှင့် မြို့ပေါ်(၆) ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အနီးကပ်ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



# နှစ်(၆၆၀)ပြည့်အင်းဝ(၇)



မဟာသကျသီဟရုပ်ပွားတော်။

အင်းဝမြို့တော်ကို မြို့တော်အဖြစ် စတုတ္ထအကြိမ် ပြုပြင်ပြီးစိုးစံခဲ့တဲ့ ဘကြီးတော်စစ်ကိုင်းမင်းဟာ အင်းဝမြို့တော်မှာ မြန်မာသက္ကရာဇ် ၁၁၈၃ ကနေ သူ့ညီတော် သာယာဝတီမင်းကို ထီးနန်းလွှဲပေးခဲ့ရတဲ့ ၁၁၉၉ ခုအထိ နှစ်ပေါင်း ၁၆ နှစ်ခန့် ကြာမြင့်အောင် အုပ်ချုပ်ခဲ့ပါတယ်။ နန်းတက်စမှာ စစ်သူကြီးမဟာဗန္ဓုလလို အရည်အချင်းရှိတဲ့ မှူးမတ်တွေရှိနေတော့ အာသံနဲ့ မဏိပူရလို ခက်ခဲကြမ်းတမ်းတဲ့ စစ်ပွဲတွေကို အောင်မြင်ခဲ့သော်လည်း ခေတ်မီတိုးတက်ပြီး နယ်ချဲ့လိုတဲ့ အင်္ဂလိပ်နဲ့ နယ်မြေချင်း ထပ်မံထိစပ်သွားခဲ့လို့ နယ်စပ်ပြဿနာတွေ ပေါ်လာခဲ့ရပါတယ်။ ပထမအကြိမ် ဘိုးတော်ဗဒုံမင်းလက်ထက်မှာ ရခိုင်ကို သိမ်းပိုက်လိုက်တဲ့အတွက် စတင်ထိစပ်ခဲ့တာပါ။ နောက်ဆုံး နယ်စပ်ပြဿနာက အစပြုလို့ အင်္ဂလိပ်နဲ့စစ်ဖြစ်ပွားခဲ့ရတဲ့ အခြေအနေရောက်လာတော့တာပါပဲ၊ ဘကြီးတော်ဟာ အနုပညာလေ့လာလိုက်စားတဲ့ ဘုရင်တစ်ပါးဖြစ်တဲ့အတွက် သူ့လက်ထက်မှာ သကျသီဟလို့ ဘွဲ့တော်သမုတ်ခဲ့တဲ့ ပဉ္စလောဟာ ဆင်းတုတော်ကြီးကို သူကိုယ်တိုင် အတိုင်းအတာ၊ အချိုးအစားတွေ စီရင်မ,စပြီး အင်းဝမြို့တွင်းထဲမှာပဲ မြန်မာသက္ကရာဇ် ၁၁၈၆ ခု၊ ပြာသိုလဆန်း ၇ ရက်မှာ စတင်သွန်းလောင်းခဲ့ပါတယ်။ ရုပ်ပွားတော်ကြီးဟာ ဉာဏ်တော် ၉ တောင် ၂ မိုက်၊ ထက်ဝယ်တော် ၇ တောင် ၁ မိုက် ၄ သစ်၊ စမခဏ်အမြင့် ၂ မိုက်နဲ့ ကိုယ်လုံးတော်အဝန်း ၇ တောင် ၁ မိုက် ၄ သစ် ရှိပါတယ်။ ဆင်းတုတော်ကြီးဟာ ပဉ္စလောဟာ ဆိုတဲ့အတိုင်း ကြေးနီ၊ သံ၊ သလွဲ ပိဿာ ၁၅၀၀၀၊ ငွေအသပြာ ၁၀၀၀၀နဲ့ ရွှေအသပြာ၁၀၀၀ တို့အပါအဝင် အစုစုအလေးချိန်၁၆၁၁၀ရောစပ်ပါဝင်ခဲ့ပါတယ်။ ဒါ့အပြင် သဒ္ဓါပေါက်လွန်းလို့ မင်းကြီးကိုယ်တိုင် သောက်တော်ရွှေဖလား၊ ရွှေကြုတ်နဲ့ မင်းညီမင်းသား၊ မှူးမတ်များကလည်း အခြားရွှေငွေအသုံးအဆောင်များ ထည့်ဝင်လှူဒါန်းကြပါသေးတယ်။ သွန်းလောင်းရာမှာ ဖိုပေါင်း ၁၀၀၀ ကို မင်းကြီးကိုယ်တိုင်ကြီးကြပ်ပြီး ပန်းတဉ်းဝန်အမှုထမ်းများက ဆောင်ရွက်ကြရပါတယ်။ သွန်းလောင်းပြီးတော့ 'မဟာသကျသီဟ' ရယ်လို့ ဘွဲ့တော်အမည်သမုတ်ပြီး ကြည်ညိုလွန်းလို့ နန်းတော်ဦးမှာထားရှိပြီး ရက်ပေါင်းအတန်ကြာအောင် ပူဇော်ခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ ရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်ဖို့ မဟာမြတ်မုနိ(ခေါ်)စန္ဒာမုနိစေတီတော်ရဲ့ အနောက်ဘက်မြေပြင်မှာ လေးထပ်အုတ်ကျောင်းပြာသာဒ်ကြီးကို တည်ဆောက်နေပါတယ်။ အဲ့ဒီနေရာနဲ့ လေးထပ်ကြီးဆိုတဲ့ အမည်ဟာ ပြည်သူတွေပါးစပ်ထဲ စွဲနေတဲ့အမည်ပါ။ ဘကြီးတော်လက်ထက်မတိုင်မီ အင်းဝကို ဒုတိယအကြိမ်အဖြစ် ပြုပြင်ပြီး ရွှေဝမြို့ကြီးရယ်လို့ တည်ထောင်ခဲ့တဲ့ ဘုရင့်နောင်ရဲ့သားတော် ညောင်ရမ်းမြို့စားရှင်သစ္စာ(ခေါ်)မင်းရဲရန္တမိတ်မင်းက အဲ့ဒီနေရာမှာ သစ်သားနဲ့ လေးထပ်ကြီးကျောင်းတော်ရယ်လို့ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ နေရာဟောင်းပါ။ နေရာဟောင်းဆိုတော့ နောက်အသစ်တည်ဆောက်ခဲ့တဲ့ အဆောက်အအုံကိုလည်း အမည်ဟောင်းကိုပဲ စိတ်စွဲနေတဲ့ သဘောပေါ့။ ပမာဆောင်ရရင် မန္တလေးမှာ အာဠဝီတံတားတို့ တံခါးတို့ တွင်နေသလိုမျိုးပေါ့။ တကယ်တော့ အာဠဝီတံခါးက အမရပူရမှာပဲရှိခဲ့ပေမယ့် မန္တလေးမြို့ကို အသစ်တည်ပြီး ပြောင်းရွှေ့တဲ့အခါ အရင်မြို့ဟောင်းရဲ့ ဒီနေရာ အမင်္ဂလာကိစ္စဆောင်ရွက်တာကို စိတ်စွဲနေတဲ့လူတွေက အလွယ်ခေါ်ရင်း တွင်နေတာပါ။

ဒီနေရာမှာ လေးထပ်ဆိုတဲ့ အသုံးအနှုန်းကို အခွင့်ကြုံခိုက် ရှင်းပြလိုပါတယ်။ ရှေးတုန်းက အဆောက်အအုံတည်ဆောက်ကြလို့ ငြမ်းဆင်ကြတဲ့အခါ အဆောက်အအုံကမြင့်လို့ ငြမ်းဝါးကို ဆက်ကြတဲ့အခါ ငြမ်းဝါးတစ်ပြန်တည်းဆိုရင် တစ်ထပ်၊ နှစ်ပြန်ဆိုရင် နှစ်ထပ်၊ သုံးပြန်ဆို သုံးထပ်၊ ငြမ်းဝါးလေးလုံးဆက်ပြီးဆောက်ရရင် လေးထပ်စသဖြင့် သုံးနှုန်းကြပါတယ်။ ဒါ့ကြောင့် ငြမ်းဝါးလေးပြန်အမြင့်ရှိပြီး အဆောက်အအုံရဲ့ အတိုင်းအတာက ကြီးမားလွန်းလို့ လေးထပ်ကြီးရယ်လို့ အမည်တွင်နေရခြင်းဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကိန်းဝပ်စံပယ်တဲ့ ဆင်းတုတော်ကြီးရဲ့ဘွဲ့အမည် မဟာသကျသီဟဘုရားလို့ မတွင်ဘဲ ကြီးမားခံ့ညားလှတဲ့ အဆောက်အအုံဖြစ်တဲ့အပြင် ယခင်က ငြမ်းဝါးလေးပြန်ဆက်ပြီး တည်ဆောက်ရလို့ လေးထပ်ကြီးဆိုတဲ့ အမည်ဟောင်းပဲ တွင်နေရခြင်း ဖြစ်ပါတယ်။ ဒါတောင် မြေပြင်ကစပြီး အမြင့်ကို တွက်ချက်တာမဟုတ်ဘဲ စိန်တောင်သုံးဆင့်အပြီး ရင်ပြင်တော်ကစပြီး တွက်ထားဟန်တူပါတယ်။ အဲ့ဒီလိုဆို လက်ရှိအဆောက်အအုံဟာလည်း ကြွင်းကျန်နေတဲ့ အောက်ခြေက ဂန္ဓကုဋိတိုက် အမြင့်ဟာ ငြမ်းဝါး နှစ်ပြန်လောက်ရှိနေလို့ အပေါ်က အုတ်ပြာသာဒ်ရဲ့ အမြင့်ဟာလည်း နောက်ထပ် ငြမ်းဝါးနှစ်ပြန်ဆက် အမြင့်ရှိမယ်လို့ ခန့်မှန်းရပါတယ်။

လေးထပ်ကြီးရဲ့ မူလပုံဟာ ဦးစွာအောက်မှာ ပန်းတင်ခုံခံတဲ့ ခိုနန်းချိုးနဲ့ စိန်တောင်သုံးဆင့်ပါရှိပါတယ်။ စိန်တောင်တွေရဲ့ အပြင်မျက်နှာမှာ တင်းပုတ်ထမ်းဘီလူးရုပ်များကို အင်္ဂတေပန်းတော့ ပညာနဲ့ ဖောင်းကြွပြုလုပ်ပြီး အလှဆင်ထားပါတယ်။ စိန်တောင်သုံးဆင့်ကို ဖြတ်ကျော်တက်လိုက်တော့မှ လေးထပ်ကြီးရဲ့ ရင်ပြင်ကိုရောက်ရှိပါတယ်။ လေးဘက်မျက်နှာမှာ ကျယ်ဝန်းတဲ့ လှေကားကြီးလေးစင်းပါဝင်တဲ့အတွက် စိန်တောင်များဟာ ထောင့်လေးဘက်မှာ ခိုနန်းချိုး လေးချိုးစီ ပါဝင်တည်ဆောက်ထားလို့ အပေါ်မြင့်အနေနဲ့ကြည့်ရင် ပဆစ်အိမ်(Greek Cross) ပုံသဏ္ဍာန်လုပစ္စာတည်ဆောက်ထားပါတယ်။ စိန်တောင်အဆင့်တိုင်းမှာလည်း စကြံလျှောက်လမ်းတွေ ပါရှိပါသေးတယ်။ လှေကားလေးစင်းဟာ မပျက်စီးခင်တုန်းက သရက်ကင်းများသို့မဟုတ် မကားရ်ဆင်းနဲ့ တည်ဆောက်ထားခဲ့သော်လည်း ၁၂၀၀ ပြည့်နှစ် ငလျင်နောက်ပိုင်း ပျက်စီးသွားခဲ့ပြီး လက်ရန်းပါ ပျောက်သွားခဲ့ပါတယ်။ လေးထပ်ကြီးရဲ့ အဓိကဂန္ဓကုဋိတိုက်မကြီးဟာ စတုရန်းပုံကို အခြေခံတည်ဆောက်ထားပြီး တိုက်မအပေါ်မှာ ဘုံခုနစ်ဆင့်ပါတဲ့ အုတ်ပြာသာဒ်ကို အထွတ်တင်ထားပါတယ်။ တိုက်မနံရံရဲ့အလယ်မှာ ဂန္ဓကုဋိတိုက်ဝင်ပေါက်ကြီး တစ်ပေါက်စီပါဝင်ပြီး ဘေးတစ်ဖက်တစ်ချက်မှာ မုခ်ပြတင်းပေါက် နှစ်ပေါက်စီနဲ့ မုခ်ယောင်နှစ်ပေါက်စီပါဝင်ပါတယ်။ ဝင်ပေါက်ကြီးဟာ သက္ကဒါန်ဦးပါတဲ့ တုရင်တိုင်နှစ်ထပ်နဲ့ လက်ရာမြောက်စွာ အလှဆင်ထားပါတယ်။ တုရင်တိုင်များ အခြေမှာတော့ ပြာသာဒ်ငယ် အထွတ်တင်ထားတဲ့ မုခ်ကပ်ငယ်တစ်ခုစီပါဝင်ပါတယ်။ အဝင်ပေါက်ကြီးရဲ့ မုခ်ခုံးအင်္ဂတေ ပန်းတော့အတွင်းမှာ ကြေးကွေးပါပြီး တော်ရနောင်များအထက်မှာတော့ ခြသေ့်ရုပ်လေးများပါရှိကြပါတယ်။စိုင်ပေါင်နေရာမှာတော့ ပါးစပ်ဟထားတဲ့ မကားရ်ရုပ်ပါရှိပြီး သူ့ပါးစပ်ထဲမှာ 'မကားရ်ခံတွင်း ခြသေ့်နင်း' ဆိုတဲ့ ဆိုရိုးနဲ့အညီ ပုဂံခေတ်ဟန်အတိုင်း ပတတ်ရပ်နေတဲ့ ခြသေ့်ရုပ်ပါရှိပါတယ်။ အဝင်မုခ်ရဲ့ အင်္ဂတေမုခ်ပန်းဟာ နှစ်ထပ်ဖြစ်လို့ ကျယ်ဝန်းတဲ့ မုခ်ပေါက်နဲ့ လွန်စွာလိုက်ဖက်ပါတယ်။ မုခ်ပန်းများ ဆုံရာအထွတ်မှာတော့ ဒုရင်အစားနတ်ရုပ်နဲ့ အထွတ်တင်ထားခဲ့ပါတယ်။ ဝင်ပေါက်ကြီးရဲ့ဘေးမှာရှိတဲ့ ပြတင်းပေါက်နဲ့ မုခ်ယောင်တွေကိုလည်း ခြသေ့်ရုပ်မပါတဲ့ ကြေးကွေး၊ စိုင်ပေါင်၊ တော်ရနောင်များနဲ့ အလှဆင်ထားပြီး အထွတ်မှာတော့ ဒုရင်တပ်ဆင်ထားပါတယ်။ အဲ့ဒီလိုမျိုး အလှဆင်မွမ်းမံမှုကို လေးမျက်နှာလုံးမှာ တွေ့ရပါတယ်။ အဲ့ဒါတွေအပြင် မကားရ်အပေါ်မှာ ခြသေ့်လည်ပြန်နဲ့ ထောင့်စွယ်မှာ နတ်ရုပ်တွေအကြား အလပ်မရှိရလေအောင် ဖြည့်စွက်အလှဆင်ထားပါသေးတယ်။ တိုက်မရဲ့ အပေါ်ပိုင်းကို ကလသာအိုးယောင်ဖောင်းနဲ့ ကလပ်ကို ဖန်တီးထားပြီး ကြာနမျှားခံလို့ ထောင့်တွေမှာ စိန်တိုင်တစ်ခုစီ တပ်ဆင်ထားပါတယ်။

တိုက်မရဲ့အထက်မှာ အုတ်ပြာသာဒ်ရဲ့ ပထမဘုံဆင့်ကို ဒုရင်ပါပြီး စိုင်ပေါင်၊ တော်ရနောင်များပါဝင်တဲ့ ထောင့်ပန်းများအလယ်မှာ တည်မုခ်ပန်းနဲ့ ဝဲ၊ ယာမှာ စိန်တောင်ပန်းများ ပါရှိခဲ့ပါတယ်။ ပထမဘုံမှ အပေါ်ဆုံးဘုံအထိ အဲ့ဒီလိုပုံစံတူ အမွှမ်းပန်းများ အလှဆင်ထားပြီး အထက်ပိုင်းကလပ်ထုပိကာခံလို့ ထီးအထွတ်တင်ထားခဲ့ပါတယ်။ အဲ့ဒီလို တည်ဆောက်ခဲ့ကြောင်း ပုဂံမင်းကုသိုလ် တောင်သမန်ကျောက်တော်ကြီး အနောက်ဘက်မုခ် တောင်ဘက်နံရံ အနောက်ဖျားမှာ ရေးဆွဲထားတာသွားရောက်လို့ လေ့လာနိုင်ပါတယ်။ ကုန်းဘောင်ခေတ်၊ အမရပူရခေတ်တို့မှာတော့ အင်းဝမြို့တော်မှာ အတော်ခမ်းနားကြီးကျယ်တဲ့ ဆင်းတုတော် ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိအုတ်ပြာသာဒ်ကြီးတစ်ဆောင် ဖြစ်ပါတယ်။ ဒါတင်မကဘဲ ကျယ်ဝန်းလှတဲ့ မဟာရာမ်ကို မြင့်မားထူထဲခိုင်ခံ့တဲ့ အုတ်တံတိုင်းကာရံလို့ လေးမျက်နှာမှာ ဘုံငါးဆင့်ပါတဲ့ ဝင်ပေါက်မုခ်ဦး အုတ်ပြာသာဒ်တစ်ဆောင်စီလည်း ပါဝင်ပါသေးတယ်။ ဂန္ဓကုဋိတိုက်အတွင်းပိုင်းမှာတော့ ကြီးမားတဲ့ အုတ်တိုင်ကြီးတွေနဲ့ ပေါင်းကူးပြီး အပေါ်က အုတ်ပြာသာဒ်ရဲ့ အလေးချိန်ဝန်ကို ထမ်းထားခဲ့ပါတယ်။ ပြီးမှ အနောက်ဘက်နံရံကပ်ပြီး စကျင်ကျောက်နဲ့ ထွင်းထုပြုလုပ်ထားတဲ့ ကျောက်ဖြူပလ္လင်ကြီးပေါ်မှာ မဟာသကျသီဟ ရုပ်ပွားတော်မြတ်ကြီးကို အရှေ့ဘက်မျက်နှာပြုလို့ ကိန်းဝပ်စံပယ်ထားခဲ့ပါတယ်။

အဲ့ဒီလို ဂုဏ်ယူဖွယ် ကြီးကျယ်ခမ်းနားလှတဲ့ အဆောက်အအုံကြီးဟာ ဘကြီးတော် စစ်ကိုင်းမင်း နန်းချခံရပြီး ထီးနန်းဆက်ခံခဲ့တဲ့ သာယာဝတီမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်မှာ လှုပ်ခတ်ခဲ့တဲ့ 'စကြာရေချ ငလျင်ကြီး' ကြောင့် ဂန္ဓကုဋိတိုက်မအထက်မှာရှိပြီး အလေးဝန်ချိန်များတဲ့ အုတ်ပြာသာဒ်ကြီးဟာ အတွင်းပိုင်းကို ပြိုကျပျက်စီးခဲ့ပါတယ်။ နံရံကြီးတွေကတော့ ကြံ့ကြံ့ခံကျန်ခဲ့ပုံရပါတယ်။ တောင်ဘက်ကလွဲလို့ ကျန်သုံးမျက်နှာက မဟာရာမ်အဝင်မုခ်ပြာသာဒ်တွေလည်း ပြိုကျပျက်စီးခဲ့ပါတယ်။ အဲ့ဒီငလျင်ကြီးရဲ့ ဖျက်ဆီးမှုအတိုင်း ပုဂံမင်းလက်ထက်တိုင် ချုံနွယ်တွေကြား ဒီအတိုင်းပဲ ကျန်ရှိနေခဲ့ပါတယ်။ တစ်ခါ အမရပူရရွှေနန်းတော်မှာ သာယာဝတီမင်း နတ်ရွာစံပြီး သားတော်ပုဂံမင်း နန်းတက်ပြီးနောက် ချုံနွယ်များအောက်တွင် ပျောက်ကွယ်လုနီးပါး ကိန်းဝပ်စံပယ်နေရရှာသော မဟာသကျသီဟ ရုပ်ပွားတော်ကြီးကို သက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် လူအင်အား ၃၀၀၀ ကျော် အလုံးအရင်းဖြင့် အင်းဝမြို့ဟောင်းမှ အမရပူရရွှေမြို့တော်ရဲ့ အနောက်တောင်ယွန်းယောင် တောင်သမန်အင်းနံဘေးသို့ ပင့်ဆောင်သယ်ယူပြီး စုထိုးဘုံငါးဆင့် ရွှေပြာသာဒ်တော်အတွင်း ကိန်းဝပ်စံပယ်ကိုးကွယ်ခဲ့ပါသည်။ အဲ့ဒီခရီးမှာ ဆင်းတုတော်ကြီးကို လွတ်လွတ်ကျွတ်ကျွတ်ထုတ်ယူနိုင်အောင် အနည်းငယ်သာ ပြိုပျက်နေတဲ့ လေးထပ်ကြီးရဲ့ မြောက်ဘက်နံရံကို ဖြိုချခဲ့ရပြန်ပါတယ်။ ကျောက်ဖြူပလ္လင်တော်ကိုတော့ ထုတ်ယူခဲ့ခြင်းမရှိပါဘူး။ အဲ့ဒီနောက်ပိုင်းလည်း ၁၉၅၆ စစ်ကိုင်းငလျင်၊ ၁၉၇၅ ပုဂံငလျင်တို့ရဲ့ ဒဏ်ကိုလည်းခံခဲ့ရပြီး တောင်ဘက်နဲ့ အရှေ့ဘက်နံရံကြီးနှစ်ခုသာ တစ်ခုကိုတစ်ခု ဖေးမကြရင်း တောင့်ခံလို့ ကျန်ရစ်ခဲ့ပါတယ်။ စိန်တောင်သုံးဆင့်နဲ့ တောင်ဘက်က မဟာရာမ်ရဲ့ ဝင်ပေါက်အုတ်ပြာသာဒ်တစ်ခုလည်း အကောင်းနီးပါးအတိုင်း ကျန်ခဲ့ပါသေးတယ်။ အဲ့ဒီနောက်ပိုင်း အင်းဝမြို့ဟောင်းက လေးထပ်ကြီးရဲ့ ကြံ့ကြံ့ခံကျန်ရစ်တဲ့ အရှေ့ဘက်နဲ့ တောင်ဘက်အုတ်နံရံကြီးနှစ်ခုကို ရှေးဟောင်းသုတေသနဌာနကလည်း အတတ်နိုင်ဆုံး ထိန်းသိမ်းခဲ့ပါတယ်။ လာရောက်လို့ လည်ပတ်ကြတဲ့ ပြည်တွင်း၊ပြည်ပခရီးသွားများကလည်း အနုလက်ရာများစွာ ကျန်ရှိနေသေးတဲ့ လေးထပ်ကြီးကို ရောက်ကြတဲ့အခါ အတော်စိတ်ဝင်စားခဲ့ကြပါတယ်။ အထူးသဖြင့် ပြည်တွင်းခရီးသွားအများ နေ့စဉ်မပြတ်လာရောက်လည်ပတ်လေ့ရှိပြီး အနုလက်ရာမြောက်တဲ့ လေးထပ်ကြီးရဲ့ နံရံအင်္ဂတေပန်းနဲ့ စိန်တောင်အဆင့်ဆင့်ကို နောက်ခံထားပြီး အလှဓာတ်ပုံရိုက်ကူးပေးကြတဲ့အတွက် ဒေသခံများအတွက်လည်း ဝင်ငွေတစ်ခု ရှာဖွေပေးရာ အရေးပါတဲ့နေရာတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲ့ဒီလို အရေးပါတဲ့ လေးထပ်ကြီးဟာ ၂၈-၃-၂၀၂၅ ရက်က လှုပ်ခဲ့တဲ့ ငလျင်ကြီးရဲ့ဒဏ်ကို ထပ်မံ ခံစားခဲ့ရပြန်ပါတယ်။ ယခင်က ကြံ့ကြံ့ခံခဲ့တဲ့ တောင်ဘက်နဲ့အရှေ့ဘက်က နံရံကြီးရဲ့အလယ်က အစိတ်အပိုင်း တော်တော်များများကို လဲပြိုပျက်စီးစေခဲ့ပြန်ပါပြီ။ လောကဓံကြီးရဲ့ နှိပ်စက်မှုကိုခံရပေမယ့် လေးထပ်ကြီးဟာ လက်မြှောက်အရှုံးပေးမှာ မဟုတ်ပါဘူး။ ရေလှိုင်းဒဏ်ကို အန်တုအနိုင်ယူတဲ့ ဗေဒါပန်းလိုပဲ ကျန်တဲ့ အစိတ်အပိုင်းတွေနဲ့ လာရောက်လေ့လာကြမယ့် ပြည်သူများကို သူဖြတ်သန်းခဲ့ရတဲ့ သမိုင်းကြောင်းတွေကို ပြောပြရင်း ဆက်လက်တာဝန်ထမ်းဆောင်နေဦးမှာပါလို့။

**(ဆက်လက်ဖော်ပြပါမည်။)**

**ရက္ခိတ(ရေး/သု)**

# ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန် ဟန္နိုင်းသို့ ရောက်ရှိ ဗီယက်နမ်နှင့် သဘောတူညီချက် ၃၀ ခန့်ကို လက်မှတ်ရေးထိုးဖွယ်ရှိ

**ဟန္နိုင်း မေ ၂၆**

ပြင်သစ်နှင့် ဗီယက်နမ်နှစ်နိုင်ငံအနေဖြင့် မေ ၂၆ ရက်တွင် သဘောတူညီချက် များစွာကို လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန်သည် ဟန္နိုင်းမြို့တွင် ဗီယက်နမ်ခေါင်းဆောင်များနှင့် တွေ့ဆုံကာ အမေရိကန်၏ မြင့်မားသော အကောက်ခွန်ချမှတ်မှုများကြောင့် ရင်ဆိုင်နေရသည့် ဗီယက်နမ်နိုင်ငံတွင် ပြင်သစ်၏ သြဇာလွှမ်းမိုးမှုကို တိုးမြှင့်ရန် ရည်ရွယ်ထားသည်။

ပြင်သစ်သမ္မတအနေဖြင့် ၁၀ နှစ်နီးပါးအတွင်း ပထမဆုံးအကြိမ် ဗီယက်နမ်သို့ သွားရောက်လည်ပတ်ကာ လေကြောင်း၊ နျူကလီးယား၊ ရထား၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ကာကွယ်ရေးစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် ကြိုးပမ်းနေစဉ် သဘောတူညီချက် ၃၀ ခန့်ကို လက်မှတ်ရေးထိုးဖွယ်ရှိသည်။

အမေရိကန် ထုတ်ကုန်များ ပိုမိုဝယ်ယူရန် ဝါရှင်တန်မှ ဖိအားပေးမှုများကြောင့် ဗီယက်နမ်နိုင်ငံသည်လည်း ၄၆ ရာခိုင်နှုန်း အကောက်ခွန်များကို ရှောင်ရှားရန် ကြိုးပမ်းနေရပြီး ဆွေးနွေးမှုများနှင့်ပတ်သက်၍ အသိပညာရှိသော ဗီယက်နမ်တွင် အခြေစိုက်သည့် အရာရှိနှစ်ဦးက မာခရွန်၏ ခရီးစဉ်မတိုင်မီ ဥရောပအရာရှိများက ဗီယက်နမ်အား အိမ်ဖြူတော်သို့ ပေးအပ်မည့် လိုက်လျောမှုများတွင် သတိထားရန် အကြံပြုခဲ့ကြောင်း သိရသည်။

**Mon**




## ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးသဘောတူညီချက်မတိုင်မီ ယူရိုနှင့် အမေရိကန်ဒေါ်လာတို့၏ တန်ဖိုးမြင့်တက်လာ

**ဝါရှင်တန် မေ ၂၆**

ယူရိုနှင့် အမေရိကန်ဒေါ်လာတို့၏တန်ဖိုးသည် လုံခြုံရေးအရ ခိုလှုံရာငွေကြေးများဖြစ်သော ယန်းနှင့် ဆွစ်ဖရန့်ချ်တို့ထက် သာလွန်ကာ မေ ၂၆ ရက်တွင် မြင့်တက်လာခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုသို့ဖြစ်ရခြင်းမှာ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဇွန် ၁ ရက်မှစတင်၍ ၅၀ ရာခိုင်နှုန်း အကောက်ခွန်သစ် တင်းကျပ်မည်ဟု ခြိမ်းခြောက်မှုကို ရုပ်သိမ်းပြီး ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးသဘောတူညီချက်ရရှိရန် ဇူလိုင် ၉ ရက်ကို နောက်ဆုံးရက် သတ်မှတ်လိုက်သောကြောင့် ဖြစ်သည်။

ထရမ့်သည် ဥရောပကော်မရှင်ဥက္ကဋ္ဌ အွာဆူလာဖွန်ဒါလေယွန်နှင့် ဖုန်းစကားပြောဆိုပြီးနောက် ထိုဆုံးဖြတ်ချက်ကို အများသိအောင် ထုတ်ဖော်ကြေညာခဲ့သည်။

အခွန်ခြိမ်းခြောက်မှုထုတ်ပြန်ပြီး မကြာမီနှစ်ရက်အတွင်း တင်းမာမှု လျော့ကျသွားခြင်းသည် အမေရိကန်၏ ကုန်သွယ်ရေးမူဝါဒများ မည်မျှမြန်ဆန်စွာ ပြောင်းလဲနိုင်သည်ကို ထင်ရှားစွာပြသခြင်းဖြစ်သော်လည်း သဘောတူညီချက်များ ရရှိနိုင်ပြီး ကမ္ဘာ့စီးပွားကျဆင်းမှုအား စိုးရိမ်ပူပန်မှုများကို လျော့ပါးစေသည်ဟု ရင်းနှီးမြှုပ်နှံသူများကို အားတက်စေခဲ့သည်။

ယူရိုသည် ယန်းနှင့်နှိုင်းယှဉ်လျှင် ၀ ဒသမ ၃ ရာခိုင်နှုန်း တက်ကာ ၁၆၂ ဒသမ ၆၀ ယန်းအထိ ရောက်ရှိခဲ့ပြီး ဒေါ်လာနှင့်နှိုင်းယှဉ်လျှင် ၀ ဒသမ ၂ ရာခိုင်နှုန်းတက်ကာ ဧပြီ ၃၀ ရက်မှစ၍ အမြင့်ဆုံးဖြစ်သော ၁ ဒသမ ၁၃၈၂ ဒေါ်လာအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ **Mon**

## ပါကစ္စတန်အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် မုန်တိုင်းများကြောင့် လူ ၁၄ ဦးသေဆုံး၊ ၁၀၀ ကျော်ဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် မေ ၂၆**

ပူပြင်းသည့်လေပူလှိုင်းအပြီး ပါကစ္စတန်အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ဖြစ်ပွားခဲ့သည့် အလွန်ပြင်းထန်သော လေမုန်တိုင်းများကြောင့် လူ ၁၄ ဦးသေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရရှိခဲ့သည်ဟု မေ ၂၅ ရက်တွင် တာဝန်ရှိသူများက အတည်ပြုကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မွန်းလွဲနှင့် ညနေပိုင်းတွင် အရှေ့ပိုင်း ပက်ချားပြည်နယ်နှင့် အနောက်မြောက်ပိုင်း ခိုင်ဘာပက်ထန်ခွာပြည်နယ်တို့အပြင် မြို့တော် အစ္စလာမ္မာဘတ်တို့တွင် ပြင်းထန်သောလေများ၊ မိုးကြိုးပစ်ခြင်းနှင့် လျှပ်စီးလက်ခြင်းများဖြစ်ပွားကာ အပင်များကျွတ်ထွက်ပြီး လျှပ်စစ်တိုင်များ ပြိုကျခဲ့သည်။

သေဆုံးသူအများစုမှာ နံရံနှင့် အိမ်မိုးများပြိုကျခြင်းကြောင့်ဖြစ်ပြီး အနည်းဆုံးနှစ်ဦးမှာ လေပြင်းတိုက်ခတ်မှုကြောင့် ရွေ့လျားလာသော ဆိုလာပြားများထိမှန်ကာ သေဆုံးခဲ့ခြင်း ဖြစ်သည်။

လျှပ်စီးလက်ခြင်းကြောင့် ယောက်ျားတစ်ဦး သေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**Mon**



# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ဒေါ်နယ်လ်ထရမ့်က ဟားဗတ်တက္ကသိုလ်တွင် တက်ရောက်နေသည့် နိုင်ငံတကာကျောင်းသားများ၏ အမည်နှင့် နိုင်ငံကို တောင်းဆို

**ဆန်ဖရန်စစ္စကို မေ ၂၆**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဟားဗတ်တက္ကသိုလ်တွင် တက်ရောက်နေသည့် နိုင်ငံတကာ ကျောင်းသား၊ ကျောင်းသူများ၏ အမည်နှင့်နိုင်ငံများစာရင်းကို အလိုရှိကြောင်း မေ ၂၅ ရက်က ပြောကြားသည်။

ထရမ့်အစိုးရအဖွဲ့က နိုင်ငံခြားကျောင်းသားများအား ဟားဗတ်တွင် တက်ရောက်ခွင့် ရုပ်သိမ်းခြင်းကို ဖက်ဒရယ်တရားရုံးတစ်ခုက ပိတ်ပင်တားဆီးပြီးနောက် မကြာမီ အဆိုပါတောင်းဆိုချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်ရှိတွင် နိုင်ငံတကာ ကျောင်းသားများအားလုံးသည် အခြားတက္ကသိုလ်သို့ ပြောင်းရွှေ့ရန် လိုအပ်မည် သို့မဟုတ် ရရှိထားသည့် အဆင့်အတန်းကို ဆုံးရှုံးရမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ စာသင်နှစ်က နိုင်ငံတကာကျောင်းသားများ အရေအတွက်မှာ စုစုပေါင်းစာရင်းဝင် အရေအတွက်၏ ၂၇ ရာခိုင်နှုန်း ကျော်ရှိကြောင်း ဟားဗတ်၏ အချက်အလက်များအရ သိရသည်။

အဆိုပါ တက္ကသိုလ်သည် လက်ရှိတွင် နိုင်ငံနှင့်ဒေသပေါင်း ၁၄၀ ကျော်မှ နိုင်ငံတကာကျောင်းသားနှင့် ပညာသင်ဆုရကျောင်းသား ၆၈၀၀ ခန့် တက်ရောက်နေကြောင်း သိရသည်။

**ဆင်ဟွာ**

## နှစ်ရက်ဆက်တိုက် ဓာတ်အားပြတ်တောက်ပြီးနောက် နိစ်မြို့ရှိ ဓာတ်အားခွဲရုံတစ်ရုံတွင် မီးလောင်မှုဖြစ်ပွား

**ပဲရစ် မေ ၂၆**

ပြင်သစ်နိုင်ငံ ရီဗဲရားဒေသတွင် နှစ်ရက်ဆက်တိုက် ဓာတ်အားပြတ်တောက်မှု ဖြစ်ပွားခဲ့ပြီး နိစ်မြို့ရှိ ဓာတ်အားခွဲရုံတစ်ရုံတွင် ယမန်နေ့ညက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်သည် ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခဲ့သည့် လုပ်ရပ်တစ်ခုဖြစ်သည်ဟု ဒေသအာဏာပိုင်များက မှတ်ချက်ချသည်။

မီးလောင်မှုစတင်ဖြစ်ပွားခဲ့ပြီးနောက် အနည်းဆုံး အိမ်ထောင်စု ၄၅၀၀၀ ခန့် ထိခိုက်ခဲ့သည်။ အဆိုပါဖြစ်စဉ်မတိုင်မီ တစ်ရက်က အနီးရှိ ကန်းမြို့တွင် တမင်ပြုလုပ်သည်ဟု သံသယဖြစ်ဖွယ် ဓာတ်အားပြတ်တောက်မှု ဖြစ်ပွားခဲ့သေးသည်။

မြို့အနောက်ပိုင်းရှိ ဓာတ်အားခွဲရုံတွင် "ကားတာယာ အမှတ်အသားများ"ကို တွေ့ရှိခဲ့ပြီး ဓာတ်အားခွဲရုံ၏ တံခါးသည် "ခွဲဖျက်ခံထားရသည်ကို" နိစ်ရဲတပ်ဖွဲ့က တွေ့ရှိခဲ့သည်။

နိစ်လေဆိပ်၊ ရထားလမ်းကွန်ရက်၊ အနီးအနားရှိ စိန့်လောရန့်ဒူဗာနှင့် ကတ်ဂနက်ဆာမားမြို့များတွင် မနက်ခင်းပိုင်း ဓာတ်အားပြန်လည်ရရှိခဲ့သည့် အချိန်အထိ ထိခိုက်မှုများရှိခဲ့ကြောင်း သိရသည်။

**Mon**

## အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာကမ်းရိုးတန်းအနီးတွင် ကုန်သင်္ဘောတစ်စီးနစ်မြုပ်၊ လူ ၂၄ ဦးစလုံး အသက်ရှင်

**ဒေလီ မေ ၂၆**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာကမ်းရိုးတန်းအနီးတွင် အန္တရာယ်ရှိပစ္စည်းများ တင်ဆောင်ထားသည့် လိုက်ဘေးရီးယား အလံလွှင့်ထူထားသော ကွန်တိန်နာသင်္ဘောတစ်စီး ယမန်နေ့က နစ်မြုပ်သွားကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

၁၈၄ မီတာရှည်လျားသည့် ထိုကုန်တင်သင်္ဘောသည် အိန္ဒိယ ပင်လယ်ဆိပ်ကမ်း ဗီဇင်ဂျမ်မှ ကောချိသို့ ခရီးနှင်စဉ် အခက်အခဲ တွေ့ပြီး အရေးပေါ်အချက်ပြမှုပြုလုပ်ခဲ့ကြောင်း အိန္ဒိယရေတပ်က အစီရင်ခံသည်။

ရေတပ်လေယာဉ်များ အမြန်ပျံသန်းသွားကြည့်ရှုစဉ် ကောချိဆိပ်ကမ်း၏ အနောက်တောင်ဘက် ရေမိုင် ၃၈ မိုင်အကွာတွင် အန္တရာယ်ရှိသည့် ဘေးတိမ်းစောင်းမှုဖြင့် ရေပေါ်မျောနေသည့် ကွန်တိန်နာသင်္ဘောနှင့် ကယ်ဆယ်ရေး လှေနှစ်စီးကို တွေ့ရှိခဲ့သည်။



ထိုသင်္ဘောပေါ်ရှိ သင်္ဘောသား ၂၄ ဦးစလုံးကို ကယ်တင်နိုင်ခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားပြီး အိန္ဒိယကမ်းလွန်ရေတပ်နှင့် ရေတပ်စောင့်ကြပ်ရေးလှေတို့က ဂျော်ဂျီယာ၊ ရုရှား၊ ယူကရိန်းနှင့် ဖိလစ်ပိုင်နိုင်ငံသား သင်္ဘောသားများကို ကယ်တင်ပေးခဲ့ကြောင်း သိရသည်။ **Mon**

STOP AIDS

# စိုက် ပျိုး ရေး က ဏ္ဍ



## ပြည်ပဈေးကွက်ကောင်းမွန်ခြင်းကြောင့် ကွမ်းသီးစိုက်ပျိုးသူများအဆင်ပြေ

**မန္တလေး မေ ၂၆**

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးသော ကွမ်းသီးပင်များမှ ထွက်ရှိသော ကွမ်းသီးများကို ပြည်ပနိုင်ငံများက ဝယ်ယူမှုကောင်းမွန်နေခြင်းကြောင့် စိုက်ပျိုးသူများအဆင်ပြေလျက်ရှိသည်။

ကွမ်းသီးများကို အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်နိုင်ငံများက ဝယ်ယူမှုရှိခြင်းကြောင့် ပြည်တွင်းစိုက်ပျိုးသော ကွမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ကြောင်း သိရသည်။

"ကွမ်းဈေးကွက်ကတော့ ပြည်တွင်းမှာပဲ ဈေးကွက်ရှိရုံမကဘဲ ပြည်ပကလည်း ဈေးကွက်ကောင်းလာတဲ့အတွက် စိုက်ပျိုးသူတွေ အဆင်ပြေလာတာ ဖြစ်ပါတယ်။ နှစ်ရှည်သီးနှံအမျိုးအစားဖြစ်တဲ့အတွက် စိုက်ပျိုးသင့်တဲ့ သီးနှံအမျိုးအစားထဲမှာပါပါတယ်" ဟု ကွမ်းပင်စိုက်ပျိုးသူတစ်ဦးကပြောသည်။



ဈေးကွက်အတွင်း ကွမ်းသီးမှည့်ခြောက်အပြင် ကွမ်းသီးနု (အရည်သောက်ကွမ်းသီး) များကိုလည်း ဝယ်ယူမှုကောင်းမွန်နေကြောင်း၊ ကွမ်းသီးနုဈေးကွက်ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးသူများက အနုကို ရောင်းချမှုများပြားနေပြီး ဈေးကွက်အတွင်း ကွမ်းသီးခြောက်အဝင် နည်းကာ ဈေးနှုန်းအနည်းငယ်မြင့်တက်လာလျက်ရှိသည်။

"ကွမ်းသီးအနုကို ပြည်ပနိုင်ငံတွေက ဝယ်ယူမှုရှိတဲ့အတွက် ဈေးကွက်ထဲမှာ ဝယ်လိုအားကောင်းနေတာ ဖြစ်ပါတယ်။ နောက်ပိုင်းဆိုရင် ကွမ်းသီးခြောက်ဈေးကွက် ကွမ်းသီးနုဈေးကွက်က ပိုကောင်းလာနိုင်မယ်ထင်တယ်" ဟု ကွမ်းသီးပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ကွမ်းသီးပင်မှာ စိုက်ပျိုးပြီး ၅နှစ်၊ ၆နှစ်ဝန်းကျင်တွင် စတင်အသီးသီးပြီးတစ်နှစ်လျှင် နှစ်ကြိမ် (သို့မဟုတ်) သုံးကြိမ်ခန့်သီးကြောင်း၊ ကွမ်းသီးပင်အား တနင်္သာရီ၊ ကရင်၊ မွန်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးပြီး မန္တလေးတိုင်းဒေသကြီးအတွင်းတွင်လည်း စိုက်ပျိုးကြသည်။

ကွမ်းသီးအား စားသောက်ကုန်လုပ်ငန်းများ၊ ဆေးဝါးလုပ်ငန်းများ၊ ဆိုးဆေးနှင့် လူသုံးကုန်လုပ်ငန်းများတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**

## ယခုနှစ် မိုးရာသီတွင် ပဲစင်းငုံ ဧက ၁၁၅၀၀ ကျော် စိုက်ပျိုးမည်

**ကျွန်းလှ မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ပဲမျိုးစုံသီးနှံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်ကြရာ ယခုနှစ် မိုးရာသီတွင် ပဲစင်းငုံဧက ၁၁၅၀၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးရာသီမှာ ပဲစင်းငုံသီးနှံစိုက်ပျိုးဖို့ ၁၁၅၄၁ ဧကလျာထားပါတယ်။ အခုအခါတောင်သူတွေ စတင်စိုက်ပျိုးနေကြပြီဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ ဒေသရာသီဥတုနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်းမျိုးဖြစ်တဲ့ ရွှေဒင်္ဂါးမျိုးကို အဓိကစိုက်ပျိုးကြပြီး မြေပဲ၊ ပြောင်းသီးနှံတို့နဲ့ သီးညှပ်စိုက်ပျိုးကြသလို သီးသန့်လည်းစိုက်ပျိုးကြပါတယ်။ အရင်နှစ် ပဲစင်းငုံသီးနှံဈေးကောင်းရရှိခဲ့တဲ့အတွက် တောင်သူတွေ အကျိုးအမြတ်ရရှိခဲ့ကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ပဲစင်းငုံစိုက်ပျိုးသည့် တောင်သူများအား ယန်းတိုင်းအထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ်၊ မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးမှုအဖြစ် ပဲတီစိမ်း ၅၄၁၂ ဧက၊ ပဲစင်းငုံ ၁၁၅၄၁ ဧက၊ စုစုပေါင်း ၁၆၉၅၃ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ပုံ)**

**(၄၈၀)**

## မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၉၉၉ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ မေ ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၉၉၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၉၉၉ ဧက စိုက်ပျိုးရန် လျာထားပြီး သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဇွန်လပထမပတ်တွင် စိုက်ပျိုးရေများ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ စိုက်ပျိုးဆောင်ရွက်သွားမည်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စပါး ၆၉၉၉၉ ဧကစိုက်ပျိုးသွားဖို့ လျာထားပါတယ်။ သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းများရရှိဖို့နဲ့ အချိန်မီ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို ပံ့ပိုးကူညီပေးသွားမှာဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာတွင် အခက်အခဲမဖြစ်စေဖို့လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာနဲ့ မျိုးတွေရရှိအောင် ဆောင်ရွက်ပေး သွားမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမျိုး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

**(အောက်ဝဲပုံ)**

**(၄၄၅)**



## ကျောက်ကူးမြစ်ရေတင်ဖြင့် နွေပဲတီစိမ်းစိုက်တောင်သူများ ဧက ၂၃၀ စိုက်ပျိုးအောင်မြင်ကာ တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ရောင်းချနေရ

**ညောင်ဦး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျောက်ကူးမြစ်ရေတင်ရေဖြင့် စိုက်ပျိုးထားသည့် နွေပဲတီစိမ်းစိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်းနေကာ ဆွတ်ခူးရောင်းချချိန်တွင် မနှစ်ကထက် ဈေးနှုန်းပိုမိုရရှိနေသောကြောင့် မြစ်ရေတင်ဖြင့်စိုက်ပျိုးသည့် ကျေးလက်တောင်သူများ တွက်ခြေကိုက် အဆင်ပြေနေကြသည်။

ညောင်ဦးမြို့နယ် ကျောက်ကူးမြစ်ရေတင်ဖြင့် စိုက်ပျိုးထားသည့် နွေပဲတီစိမ်းစိုက် ဧက ၂၃၀ ရှိကြောင်း၊ ပဲတီစိမ်းစိုက်ခင်းတွေ ကောင်းမွန်ကာပြီးခဲ့သည့်နှစ်က နွေပဲတီစိမ်းပေါ်ချိန် တစ်တင်းလျှင် ငွေကျပ် ၉၅၀၀၀ ဖြင့် ရောင်းချခဲ့ရပြီး ယခုနှစ်နွေပဲတီစိမ်းပေါ်ချိန် ငွေကျပ် ၁၅၀၀၀၀ ရောင်းချရခြင်းကြောင့် မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် ကျေးလက်တောင်သူများ တွက်ခြေကိုက်နေကြကြောင်း သိရသည်။ နွေပဲတီစိမ်း စတင်စိုက်ပျိုးခြင်းအား မတ်လ လယ်လောက်တွင် စတင်ကြပက် စိုက်ပျိုးကြကာ စိုက်ပျိုးပြီး ၄၅ ရက်ရှိလျှင် ပဲတီစိမ်းအဖူး၊ အပွင့်များ စတင်ပွင့်ပြီး ရက် ၆၀၊ နှစ်လပြည့်လျှင် စတင်ဆွတ်ခူးရကြောင်း ထွက်ရှိလာသည့် နွေပဲတီစိမ်းများကို ပခုက္ကူမြို့၊ ညောင်ဦးမြို့ ၊ ကျောက်ပန်းတောင်းမြို့များရှိ ပွဲရုံများသို့ သွားရောက်ရောင်းချကြသည်။

ညောင်ဦးမြို့နယ် ကျောက်ကူးမြစ်ရေတင်မှရေသွင်းခ တစ်ဧကလျှင် နွေပဲတီစိမ်းတစ်သီးပြီးသည်အထိ ငွေကျပ် ၃၀၀၀ ပေးသွင်းရပြီး ရေသွင်းအကြိမ်ရေ ငါးကြိမ်၊ ခြောက်ကြိမ်အထိ ရေသွင်းပေးရကြောင်း ကျောက်ကူးမြစ်ရေတင်တာဝန်ခံ(AE) ဦးလှမင်းထက်ကပြောကြားကာပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ရောင်းချနေရခြင်းကြောင့် မြစ်ရေတင်ဖြင့် ပဲတီစိမ်းစိုက်ပျိုးတောင်သူများ ဝင်ငွေတွက်ခြေကိုက်နေကြကြောင်း၊ ညောင်ဦးမြို့နယ်တွင် လှျပ်စစ်မြစ်ရေတင်၊ ဆိုလာလှျပ်စစ်မြစ်ရေတင်ဖြင့် နွေပဲတီစိမ်းများအား ကျောက်ကူးမြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ငါ့သရောက်မြစ်ရေတင်၊ လက်ပံခြေပေါ်မြစ်ရေတင်တို့ဖြင့် နွေပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်းပြီး ဆွတ်ခူးရောင်းချချိန် ဈေးကောင်းရရှိ လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၁)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## FN Entertainment နှင့် စာချုပ်ကုန်ဆုံးခဲ့သော အမ်ဆူဟွမ်

အနုပညာရှင် အမ်ဆူဟွမ်သည် FN အင်တာတိန်းမင့်နှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားပြီဖြစ်၍ နှုတ်ဆက်ထွက်ခွာခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါအင်တာတိန်းမင့်၏ ပြောကြားချက်အရ ယခုနှစ်တွင် အတူတည်ရှိနေပေးခဲ့သည့် အမ်ဆူဟွမ်ကို ကျေးဇူးတင်ပြီး သူ့အနာဂတ်ပိုမိုတောက်ပရန် မျှော်လင့်ထားသည်ဟု ဆိုသည်။

အမ်ဆူဟွမ်က သူ၏ကောင်းမွန်သော အနုပညာများကို ဆက်လက်ပြသသွားမည်ဟု ထုတ်ဖော်ပြောကြားပြီး မည်သည့်အင်တာတိန်းမင့်နှင့်လက်တွဲမည်ဟု ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

(SKY)





## Bruce Willis ၏ အသက်(၇၀)ပြည့် မွေးနေ့ပွဲ ကျင်းပ

ဟောလိဝုဒ်နာမည်ကျော် အနုပညာရှင် ဘရုစ်ဝီလီ၏ အသက်(၇၀)ပြည့်မွေးနေ့ပွဲကို ယမန်နေ့က ကျင်းပခဲ့ရာ ဇနီးဟောင်း ဒမ်မီမိုးလည်း အတူရှိခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘရုစ်ဝီလီသည် ဒမ်မီမိုးနှင့် ၁၃ နှစ်တာအတူပေါင်းသင်း၍ သားသမီး သုံးဦးထွန်းကားခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ကွာရှင်းပြတ်စဲခဲ့ကြသည်။

ဘရုစ်ဝီလီမှာ အတိတ်မေ့ရောဂါတစ်မျိုးခံစားနေရကာ မွေးနေ့ပွဲတွင် သားသမီးများနှင့်အတူ လက်တွဲဖော်များပါ ဘေးတွင်ရှိနေပြီး ဇနီးဟောင်းဒမ်မီမိုးလည်း ရှိခဲ့ကာ သူ၏အင်စတာဂရမ်တွင် "ကျွန်မတို့အားလုံး ရှင့်ကိုချစ်ပါတယ်" ဆိုသော စာသားနှင့်အတူ မိသားစုဓာတ်ပုံတင်ထားပေးခဲ့သည်။

(SKY)

## ပီယိုဂလစ်တာဇုန်းဆေးသည် ဆီးကျိတ်ကင်ဆာဆဲလ်များ၏ ကြီးထွားမှုကို နှေးကွေးစေကာ ဇီဝဖြစ်စဉ်ကိုပါ ပြောင်းလဲစေနိုင်


ဆီးကျိတ်ကို နှိုးကြားစေသော ဆေးဝါးများဖြင့် ကုသခံထားရသည့် ဆီးချိုရောဂါရှိသော ဆီးကျိတ်ကင်ဆာဝေဒနာရှင်များတွင် ကင်ဆာပြန်ဖြစ်သည့် လက္ခဏာများ မတွေ့ရှိရသော ထူးခြားချက်ကို ဆွီဒင်နိုင်ငံမှ သုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

အထူးသဖြင့် ပီယိုဂလစ်တာဇုန်းဆေးသည် ဆီးကျိတ်ကင်ဆာဆဲလ်များ ကြီးထွားမှုကို နှေးကွေးစေရုံသာမက ၄င်းတို့၏ ဇီဝဖြစ်စဉ်ကိုပါ ပြောင်းလဲစေကာ ဆဲလ်များ အသက်ရှင်ကျန်ရစ်ပြီး ပြန့်ပွားရန် ပို၍ခက်ခဲစေသည်။

ထိုတွေ့ရှိချက်သည် အလွန်အာမခံချက်ရှိသော်လည်း ရလဒ်များကို အတည်ပြုရန်နှင့် ဆီးချိုရောဂါမရှိသော ဆီးကျိတ်ကင်ဆာဝေဒနာရှင်များတွင်လည်း အဆိုပါကုထုံးကို အသုံးပြုနိုင်သည်ဟု စူးစမ်းရန် နောက်ထပ် လက်တွေ့လေ့လာမှုများ လိုအပ်နေသေးကြောင်း ဦးဆောင်သုတေသီ ကင်နာက ပြောကြားသည်။

ဤသုတေသနကို ဓာတ်ခွဲခန်းကြွက်များအပေါ် လေ့လာမှုများ၊ ၂၀၀၄-၂၀၂၃ ခုနှစ်အတွင်းက အမျိုးအစား-၂ ဆီးချိုရောဂါရှိ ဆီးကျိတ်ကင်ဆာဝေဒနာရှင် ၆၉ ဦးအား နောက်ပြန်လည်သုံးသပ်သည့် လေ့လာမှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(SCI)



## Smile 2 အဆိုတော် Skye Riley မှ Lollapalooza ပွဲတွင် ဖျော်ဖြေမည်

ဂီတနယ်ပယ်အသီးသီးတွင် အောင်မြင်မှုရရှိထားသူများသာ ဖျော်ဖြေခွင့်ရသည့် Lollapalooza ပွဲကြီးတွင် Smile 2 သရုပ်ဆောင် အဆိုတော် စကီရီလေးပါဝင်ဖျော်ဖြေခွင့်ရရှိခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Smile 2 တွင် သရုပ်ဆောင်ကောင်းခဲ့သည့် စကီရီလေးသည် ဂီတပါဖောမင့်တွင်လည်း အရည်အသွေးပြည့်ဝ၍ လူကြိုက်များခဲ့ရာမှ Blood White Satin နှင့် New Brain သီချင်းများနှင့် ကျော်ကြားခဲ့သူဖြစ်သည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ကျင်းပမည့် ကမ္ဘာကျော်အဆိုတော်များပါဝင်သည့် Lollapalooza တွင် စကီရီလေး ပါဝင်ဖျော်ဖြေမည်ဖြစ်၍ ပရိသတ်များ စိတ်ဝင်တစား စောင့်မျှော်နေကြသည်။

(SKY)




## Park Eunbin ကို ဇာတ်ရုပ်အသစ်နှင့်တွေ့ရ

ကိုရီးယားအနုပညာရှင် မင်းသမီးပတ်အွန်ဘင်းကို ဇာတ်ရုပ်အသစ်နှင့် မြင်တွေ့ကြရ၍ ပရိသတ်များ နှစ်သစ်သဘောကျနေကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပတ်အွန်ဘင်းကို ၂၀၂၅ ခုနှစ်ထွက် Hyper Knife တွင် Psycho ဇာတ်ကားနှင့် ဇာတ်ရုပ်သစ်တွင် တစ်ပိုင်းကြည့်ပြီး ပရိသတ်အကြိုက်တွေ့နေကြသည်။

အဆိုပါဇာတ်ကားတွင် ငယ်ရွယ်သည့် ဆရာဝန်မလေး၏ အငြိုးကြီးစိတ်နှင့် Psycho ဆန်ဆန်လုပ်ဆောင်မှုများကို အပိုင်း(၁)တွင် ချပြထား၍ ပရိသတ်က သူ၏ သရုပ်ဆောင်ချက်များကို ကြက်သီးထနေကြသည်။

လူနာအသက်ကို ကယ်တင်ခဲ့သည့် ဆရာဝန်ဖြစ်သော်လည်း လူသတ်သမားတစ်ဦးအဖြစ် ပြောင်းလဲလာသည့် Psychopath တစ်ဦးအဖြစ် ဇာတ်ရုပ်အသစ်နှင့် မြင်တွေ့ကြရသည်။

(SKY)



## Shah Rukh Khan တို့သားအဖနှစ်ဦး The King တွင် ပါဝင်ထားကြ

ဘောလိဝုဒ်အနုပညာဘုရင် ရှာရွတ်ခန်နှင့် သမီးဖြစ်သူ ဆိုဟာနာခန်တို့အတူပါဝင်ထားကြသည့် The King မှာ အက်ရှင်ဇာတ်ကြမ်းကားဖြစ်ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှာရွတ်ခန်နှင့်သမီးဖြစ်သူ ဆိုဟာနာခန်တို့ကို ရုပ်ရှင်တစ်ကားတည်းတွင် အတူမြင်တွေ့ရပြီး အကြမ်းစားအက်ရှင်များနှင့် သားအဖနှစ်ဦးကို တွေ့ကြရသည်။





ရှာရွတ်ခန်၏ သားဖြစ်သူ အာရ်ရမ်ခန်မှာ ဒါရိုက်တာတစ်ဦးအဖြစ် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးနေပြီး သမီးဖြစ်သူ ဆိုဟာနာခန်ကလည်း သရုပ်ဆောင်ကြော်ငြာမော်ဒယ်လ်တစ်ဦးအဖြစ် အနုပညာလောကသို့ ဝင်ရောက်လာရာ ဖခင်ဖြစ်သူက သားနှင့်သမီးအတွက် အစွမ်းကုန် ပံ့ပိုးကူညီပေးခဲ့ပြီး ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ပေးထားသည်။

(SKY)

## ထိုင်းအနုပညာရှင် တွန်ပါနာဝပ် ပရိသတ်၏ ဝေဖန်ခံနေရ

ထိုင်းအနုပညာလောကတွင် ထိပ်တန်းစာရင်းဝင် မင်းသား တွန်ပါနာဝပ်သည် အချစ်ရေးအကြောင်း ပရိသတ်ထံ အသိပေးလမ်းခွဲခဲ့ရာမှ ဝေဖန်မှုများစွာ ခံခဲ့ရကြောင်း ထိုင်းအတ်ဒီတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တွန်ပါနာဝပ်က လွန်ခဲ့သည့်ရက်က သူ၏အချစ်ရေးအကြောင်း ပရိသတ်ကို အသိပေးခဲ့ရာ ကောင်းသောလမ်းခွဲခြင်းနှင့် လမ်းခွဲခဲ့သော်လည်း မနာကျင်ခဲ့ရခြင်း မဟုတ်ဟုဆိုကာ မီဒီယာရှေ့တွင် ခံစားချက်ကို မထိန်းဘဲငိုခဲ့သည်။



အချစ်ရေးနှင့်ပတ်သက်၍ ၁၃ နှစ်ကြာတွဲခဲ့သည့် ချစ်သူ လေယာဉ်မယ်လေးနှင့်လမ်းခွဲခဲ့၍ ပရိသတ်အချို့က လက်ထပ်ရန် စိတ်ကူးမရှိဘဲ တွဲခဲ့ခြင်းအပေါ် တွန်ပါနာဝပ်ကို ဝေဖန်ပြစ်တင်မှုများစွာ ပြုလုပ်ထားကြသည်။

နိုင်ငံတကာ ပရိသတ်များကလည်း သူ့လုပ်ရပ်အပေါ် နားမလည်နိုင်ဖြစ်နေကြသည်။

(SKY)

0-0-0-0-0

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၄)၊ ဦးပိုင်အမှတ်(၈၂+၈၃)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုဗိုလ်မှူးကြီးနေဝင်း(၁၂/စခန(နိုင်)၀၀၉၂၆၀)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၆၇/OA/၂၀၂၂)ဖြင့်လွှဲအပ်ခြင်းခံရသူ ဦးကျော်ဇေယျ(၁၄/ပသန(နိုင်)၀၀၆၀၇၆)က ငွေသွင်းပြေစာ၊ မြေချထားမိန့်နှင့် ဂရန်စာချုပ်မူရင်းတို့ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်ပျောက်၊ သက်တမ်းတိုးလျှောက်ထားလာပါသဖြင့် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ပျောက်ဆုံးသွားသော ဂရန်စာချုပ်အမှတ်(၁၂၉၂/၉၂-၉၃)အား ပယ်ဖျက်သွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၆)၊ ဦးပိုင်အမှတ်(၁၀)၊ ၁၁၅လမ်း၊ ၄၈လမ်းနှင့် ၄၉လမ်းရှိ ဦးအုန်းကျော်(ခ)ဦးအုန်းကြည်အမည်ပေါက်ဂရန်မြေကွက်အား ဖခင်ဖြစ်သူ ဦးလှငွေ(ခ)ဦးချစ်မောင်၊ မိခင်ဖြစ်သူ ဒေါ်ခင်ကြည်၊ မြေအမည်ပေါက်သူ ဦးအုန်းကျော်၊ ဇနီးဖြစ်သူ ဒေါ်ခင်ရီ(ခ)ဒေါ်အုန်းရီ၊ သားဖြစ်သူ မန်းကိုကို၊ ညီ၊ ညီမများဖြစ်သော ဦးစိုးဝင်း၊ ဦးစိုးမင်း၊ ဒေါ်ခင်မာကြည်၊ ဒေါ်ခင်မာရီ၊ ဦးစိုးတင့်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောညီများဖြစ်သည့် ဦးစိုးမြင့်(၉/မရတ(နိုင်)၀၆၆၄၈၈)၊ ဦးစိုးချစ်(၉/မရတ(နိုင်)၁၂၀၈၆၀)တို့က တောဂရန်မူရင်း၊ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းများ အသိမ်းလွန်ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၉)၊ ဦးပိုင်အမှတ်(၂၅)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ဗထူးလမ်းနှင့် အောင်ဆန်းလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးသန်းကြွယ်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၄၅၉၇/၂၀၁၉)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ရီ၏(GP ရရှိသူ ဒေါ်နန်းအေးမိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၄၀၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းလှိုင်(၁၃/သပန(နိုင်)၀၀၁၂၁၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၁၆၀/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁)၊ ဦးပိုင်အမှတ်(၆၀)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၂၆လမ်းနှင့်၁၂၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထင်အောင်(၅/ခတန(နိုင်)၀၂၇၈၈၃)နှင့် ဒေါ်နွယ်နီ(၁၃/ပလတ(နိုင်)၀၁၂၃၀၉)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၃၂၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလီဝေဆုန်း(၁၃/ကခန(နိုင်)၀၄၉၂၀၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## မိခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အ-လ-က(၂၈) Grade(9) မှ မောင်သီဟန်ထွန်း၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဒေါ်အုံးကြိုင် ဖြစ်ပါကြောင်း။

**ဒေါ်အုံးကြိုင်(၉/မရတ(နိုင်)၁၂၃၀၉၆)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ပန်းသတင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade(10) မှ မောင်ရဲထက်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးလှိုင်းဇာထွန်း ဖြစ်ပါကြောင်း။

**ဦးလှိုင်းဇာထွန်း(၈/မမန(နိုင်)၁၇၂၁၀၇)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းရပ်ကွက်နေ (ဘ)ဦးတုတ်မောင်၏ သမီးဖြစ်သူ ဒေါ်သန်းသန်းအေးနှင့် ဒေါ်သန်းအေးသည် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဝန်ထမ်းစိစစ်ရေးကတ်ပြားအရ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်သန်းသန်းအေး(ခ)ဒေါ်သန်းအေး(၉/နထက(နိုင်)၁၀၁၂၉၉)**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၇၈)၊ ဦးပိုင်အမှတ်(၆၂)၊ မင်္ဂလာလမ်းနှင့် တပင်ရွှေထီးလမ်းကြား၊ ၄၈လမ်းနှင့် ၄၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်ကိုကို(၉/မရတ(နိုင်)၀၆၄၈၀၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(ဠ-၁၅)၊ ဦးပိုင်အမှတ်(၁၀၄)ခဲစင်း၊ ၇၄လမ်း၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်ကြီးမောင်စန်း(FLN-၁၄၅၈၅၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၈/၁၉၉၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အမာတင်(၉/မထလ(နိုင်)၀၆၇၆၅၆)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်အမှတ်(၃)၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှလင်း(၅/ဝလန(နိုင်)၀၈၅၈၃၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၁၉၆/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမရစ်လ(၁၃/သနန(နိုင်)၀၂၀၁၁၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်အမှတ်(၄၃)၊ ဦးပိုင်အမှတ်(၅၅)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁လမ်းနှင့် ၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးလှရွှေကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၈၀၄/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်တိုး(၅/တမန(နိုင်)၀၃၁၅၄၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၁၆)၊ ဦးပိုင်အမှတ်(၆၇)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၃၁လမ်းနှင့် ၁၃၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းအောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၉၇၅/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွယ်နွယ်မြင့်(၉/မနမ(နိုင်)၀၀၇၀၅၁)က သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ သားရေဖုံးဂရန်တွင်ပါရှိလာမည့် မင်နီမှတ်ချက်အား ပယ်ဖျက်ပေးပါရန် ထပ်မံလျှောက်ထားလာမှုအား ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် ဂရန်အမှုတွဲအမှတ်(၁၇၅၂/၁၉၉၀-၁၉၉၁)အရ ထုတ်ပေးခဲ့သည့် ဦးမြဆွေအမည်ပေါက် တောဂရန်စာချုပ်မူရင်းနှင့် ဂရန်စာချုပ်နံပါတ်(၀၅၁၉/၂၀၀၁-၂၀၀၂)အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၃)၊ ဦးပိုင်အမှတ်(၂၈)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကြီးညို(၅/ဒပယ(နိုင်)၀၀၉၂၄၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)၊ ဦးပိုင်အမှတ်(၁၂၇)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ဓော်ဂျီလမ်းနှင့် ကုသိုလ်တော်လမ်းကြားရှိ ဦးသာခင်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးချစ်သောင်းက တရားပြိုင် ဦးသာခင်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးစိုးအောင်)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၇၇/၂၀၂၄)ဖြင့်တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးချစ်သောင်း(၉/အမရ(နိုင်)၀၉၈၇၁၆)က တောဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၂)၊ ဦးပိုင်အမှတ်(၃)၊ ၆၀(B)လမ်းနှင့် ၆၁လမ်းကြား၊ လမ်း၁၂၀နှင့် ၁၂၁လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးနိုးဝင်း(၉/ခမစ(နိုင်)၀၁၂၃၁၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၀၀၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ယွန်းမြတ်သွယ်(၁၃/ကမန(နိုင်)၀၉၉၅၁၄)က သက်တမ်းကုန်တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၁၆)၊ ဦးပိုင်အမှတ်(၆၈)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၃၁လမ်းနှင့် ၁၃၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းအောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၉၇၅/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွယ်နွယ်မြင့်(၉/မနမ(နိုင်)၀၀၇၀၅၁)က သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ သားရေဖုံးဂရန်တွင်ပါရှိလာမည့် မင်နီမှတ်ချက်အား ပယ်ဖျက်ပေးပါရန် ထပ်မံလျှောက်ထားလာမှုအား ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် ဂရန်အမှုတွဲအမှတ်(၁၆၅၉/၁၉၉၀-၁၉၉၁)အရ ထုတ်ပေးခဲ့သည့် ဦးအောင်သန်းအမည်ပေါက် တောဂရန်စာချုပ်မူရင်းနှင့် ဂရန်စာချုပ်နံပါတ်(၀၅၁၈/၂၀၀၁-၂၀၀၂)အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၄)၊ ဦးပိုင်အမှတ်(၈၇)၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးလှရွှေကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၃၂၀/၂၀၁၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်ရီ(၉/မနမ(နိုင်)၀၄၁၅၈၉)၏ (SP ရရှိသူ ဦးမြတ်လင်းထွန်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၁၈၈/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(ဝဝ-၃၂)၊ ဦးပိုင်အမှတ်(၁-ဃ)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ အမှတ်(၆)ရေဆိုးပစ်မြောင်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ(၁၃/တယန(နိုင်)၀၀၀၃၀၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၉၁)ခဲစင်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ ၄၇လမ်းနှင့် ၄၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးစိုးလွင်၊ ဒေါ်မီမီဟန်တို့(၂)ဦးအနက် ဒေါ်မီမီဟန်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၈၀၁/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဦးစိုးလွင်(၅/ခတန(နိုင်)၀၁၇၅၁၄)က အမှုတွဲအမှတ်(၀၁၈၆/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၉၁)ခဲစင်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ ၄၇လမ်းနှင့် ၄၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးစိုးလွင်၊ ဒေါ်မီမီဟန်တို့(၂)ဦးအနက် ဦးစိုးလွင်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၈၀၂/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဒေါ်မီမီဟန်(၉/မရမ(နိုင်)၀၈၆၅၂၅)က အမှုတွဲအမှတ်(၀၁၈၇/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(ဝဝ-၃၄)၊ ဦးပိုင်အမှတ်(၁၇)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ အမှတ်(၆)ရေဆိုးပစ်မြောင်းနှင့်(A)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မေမြင့်(၁၀/ရမန(နိုင်)၀၁၃၇၇၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယာဉ်တော်ကျေးရွာ၊ ကွင်းအမှတ်(၆၀၇)၊ ဦးပိုင်အမှတ်(၁၀၀)အတွင်းရှိ (၃၀×၅၃)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံများနှင့်တကွ မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမိုးစိန်(ဘ)ဦးအောင်ကြည်(၉/ခမစ(နိုင်)၀၇၇၆၂၉)ပါ(၂)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကောင်းထက်ကျော်(ဘ)ဦးကျော်မင်းက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ယခုသတင်းစာ ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူဦးကောင်းထက်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်နှင်းသူ (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

အကွက်(ဆဆ-၆/၂၇)၊ ၅၄(အေ)လမ်း၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၃၀၄၄၉၁၆

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်(၁၆၆)၊ (၄၀×၆၀)ပေ၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဒေါ်ရီရီစိုးအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နှင်းအိလွင်(ဘ)ဦးကျော်နိုင်(၉/ခအဇ(နိုင်)၀၄၅၂၁၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်မြတ်အောင် (LL.B)** — **ဒေါ်အေးပပ (LL.B)**

**အထက်တန်းရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

လမ်း၇၀၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၃၁၉၂၉၈၇၊ ၀၉-၄၀၂၆၂၂၉၁၇

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၇)၊ ဦးပိုင်အမှတ်(၈)၊ ဧရိယာ(၀ ဒသမ ၀၉၃)ဧကရှိ ဂရန်မြေကွက်သည် ဒေါ်သန်းသန်းအေး(ဘ)ဦးအေး(၉/မနမ(နိုင်)၀၅၈၃၇၉)အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ ခဲစင်းပြဧရိယာ(၀ ဒသမ ၀၅၈၃)ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်အဆောက်အအုံ(ရေ+မီး)၊ ပါဝါမီတာ(၁)လုံး၊ ရိုးရိုးမီတာ(၂)လုံး၊ အဝီစိရေတွင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းဆိုင်ပွဲ(ခ)ဒေါ်နိုင်စာထွန်း (LL.B)**

**ဒေါ်ချယ်ရီမို့မို့သိန်း(LL.B)** — **ဒေါ်အေးနိုင်ညွှန့်(LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

အကွက်(၀-၁၀/၆၃)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၃၀၁၁၉၁၆၊ ၀၉-၇၇၆၅၁၁၆၆၀၊ ၀၉-၂၅၀၀၁၀၅၆၊ ၀၉-၄၄၄၀၁၇၆၈၃

## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ယဉ်ပုံ,စိန်ပန်းရပ်နေ ဒေါ်ခင်သော်တာယမင်း၏ ခင်ပွန်းဦးအောင်ဇော်တင့်(၅/ဝလန(နိုင်)၁၂၆၂၂၀)သည် မိသားစုအတွက် လက်ခံနိုင်ဖွယ်မရှိသော ကိစ္စရပ်များကို ပြောဆိုဆုံးမသည့်ကြားမှ အကြိမ်ကြိမ်ကျူးလွန်ခဲ့သောကြောင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော လူမှုကိစ္စအဝဝနှင့် ငွေရေးကြေးရေးအရှုပ်အရှင်းများကို(လုံးဝလုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ခင်သော်တာယမင်း(၉/မဟမ(နိုင်)၀၃၉၂၁၁)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ ၃၆လမ်း၊ ၆၅(ဘီ)လမ်းထောင့်တွင်နေထိုင်သူ ဒေါ်ရင်ရင်အေး(ဘ)ဦးခင်မောင်သိန်း(၉/အမဇ(နိုင်)၀၅၄၃၁၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ရင်ရင်အေး(ဘ)ဦးခင်မောင်သိန်းနှင့် ဦးဇော်မင်းလွင်(ဘ)ဦးမောင်လွင်(၁၂/တမန(နိုင်)၀၀၄၀၇၅)တို့သည် (၁၀-၆-၂၀၂၃)ရက်က နှစ်ဦးသဘောတူ တိုက်ခန်းအမှတ်(၇)၊ ဒုတိယထပ်၊ အမြင့်(၉)ပေ၊ အကျယ်(၆၀၀)စတုရန်းပေ၊ အုပ်စု(F) တိုက်ခန်းကို တန်ဖိုးငွေကျပ်(၄၆၅)သိန်းတိတိဖြင့် အရောင်းအဝယ်ပြုလုပ်ရန် နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ရင်ရင်အေးအနေဖြင့် စာချုပ်ပါကတိအတိုင်း ရောင်းကြေးငွေများကို သတ်မှတ်သည့်အရစ်အတိုင်း အကြိမ်ပြည့်ပေးသွင်းပြီးခဲ့သော်လည်း ယနေ့အချိန်ထိ ဦးဇော်မင်းလွင်မှ ၎င်းရောင်းချထားသည့်တိုက်ခန်းကို လက်ရောက်အပ်နှံနိုင်ခြင်းမရှိသေးပါ။ ထို့ကြောင့် တိုက်ခန်းရောင်းချသူ ဦးဇော်မင်းလွင်အနေဖြင့် တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ နှစ်ဖက်စုံညီ ညှိနှိုင်းဆွေးနွေးကြရန် ကျွန်ုပ်မိတ်ဆွေမှ ဆန္ဒရှိသဖြင့် ဦးဇော်မင်းလွင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ကျွန်ုပ်ထံ(သို့မဟုတ်) ကျွန်ုပ်မိတ်ဆွေထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ဆက်သွယ်အကြောင်းကြားပေးပါရန်၊ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ ဒေါ်ရင်ရင်အေး၏ လွှဲအပ်ချက်အရ ဦးဇော်မင်းလွင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဒေါ်ရင်ရင်အေး(ဘ)ဦးခင်မောင်သိန်း**
**၉/အမဇ(နိုင်)၀၅၄၃၁၄**

**လွှဲအပ်ချက်အရ-**
**ဒေါ်ဖြူပြာသောင်းစိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၅၂)**

အမှတ်(၃၂/စ)၊ ၃၇(A)လမ်း၊ ၆၉လမ်းနှင့် လမ်း၇၀ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၅၀၆၆၂၂၀

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဒေါ်ငြိမ်းငြိမ်းအေးအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်အဆောက်အအုံ၊ ပါဝါမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ငြိမ်းငြိမ်းအေး(ဘ)ဦးကျော်ငြိမ်း(၁၃/လရန(နိုင်)၁၀၄၄၀၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအားလုံးကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရွှေမြင့် (LL.B)** — **ဒေါ်သီဂီလှိုင် (LL.B),(LL.M)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၄၆)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၂၄)**

(A-3)၊ လမ်း၇၀၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၁၄၈၂၃၊ ၀၉-၂၀၀၂၃၄၈၊ ၀၉-၇၇၂၀၀၂၃၄၈

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၅)၊ ဦးပိုင်အမှတ်(၈၆-က)၊ (၁၅×၄၀)ပေမြေကွက်သည် ဦးဘုန်းဇော်အမည်ဖြင့် ချထားပေးသောမြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်သိန်းသိန်းနွဲ့ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ**

တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။

## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ဦးစိုးနိုင်+ဒေါ်သီတာဝင်းတို့၏ သားထွေး၊ ပြည့်စုံကိုယ်ပိုင်အထက်တန်းကျောင်း Grade(11)မှ မောင်ချစ်မဝင်းအား မောင်မင်းဆက်ပိုင်စိုးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းဆက်ပိုင်စိုး**
**(၉/မဟမ(နိုင်)၀၉၀၀၅၉)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နန်းတော်ရာစံပြကွက်သစ်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၂/၈၁)၊ အရှေ့အနောက်(၈၀)ပေ၊ တောင်မြောက်(၁၈)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်သွပ်မိုး(၁)ထပ်၊ လျှပ်စစ်မီတာ(၂)လုံး၊ အဝီစိတွင်း ဆက်လက်အသုံးပြုခွင့်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသော ဦးခင်မောင်မြင့်(ဘ)ဦးခင်မောင်ကျော်(၉/မရတ(နိုင်)၀၀၂၇၇၂)၊ ဒေါ်သီသီ(ဘ)ဦးသန်းမြင့်(၉/မဟမ(နိုင်)၀၀၆၇၉၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေ အချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ဝါဝါမြင့် (စဉ်-၈၆၄၆)** — **ဒေါ်မေသကြိန် (စဉ်-၁၂၅၄၈)** — **ဒေါ်ဂျူးဂျူးစံ (စဉ်-၁၄၃၅၇)**

**တရားလွှတ်တော်ရှေ့နေများ**

၅၈လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၂၃၃၈၊ ၀၉-၉၄၁၇၈၉၈၃၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မူဝါဒများကို အောက်ခြေအဆင့်အထိ သိရှိအောင် ဆောင်ရွက်သွားရန်လို...

❖ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားရန်လို...

❖ လုပ်ငန်းများဆောင်ရွက်ရာတွင် Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွင်းရှိ ဆက်သွယ်ရေးလုပ်ငန်းများနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





ရန်ကုန် မေ ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးလှမွန်နှင့်အတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့အတွင်းရှိ ဆက်သွယ်ရေး အခြေခံအဆောက်အအုံများနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာ့သင်္ဘောကျင်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မေ ၂၄ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရုံးနယ်မြေအတွင်းရှိ ဟံသာဝတီနန်းမြို့ရိုးဟောင်းနှင့် မလွတ်ကင်းသည့် ဌာနပိုင် အဆောက်အအုံနှင့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ပဲခူးအော်တိုအိတ်ချိန်းရုံးသို့ ရောက်ရှိပြီး အော်တိုအိတ်ချိန်း၊ မိုဘိုင်းစခန်းနှင့် မိုက္ကရိုဝေ့ဗ်စခန်းများရှိ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ထားရှိမှု အခြေအနေနှင့် အဆိုပါစခန်းများရှိ စက်ပစ္စည်းများ ရေလွှမ်းမိုးမှု၊ သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်နေသည့် အစီအမံများကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အစဉ်အမြဲကောင်းမွန်နေစေရေး၊ ဆက်သွယ်ရေးဆက်ကြောင်းများ ပြတ်တောက်မှုမရှိစေရေးနှင့် အရန်ဆက်ကြောင်းများ အရန်သင့်ဖြစ်နေစေရေး စသည့် အထူးအလေးထားဆောင်ရွက်ရန် ကိစ္စများကို မှာကြားသည်။

ယင်းနောက် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်းရုံးချုပ်သို့ ရောက်ရှိပြီး Board of Directors အဖွဲ့နှင့် တွေ့ဆုံ၍ လေကြောင်းလိုင်း ဘေးအန္တရာယ် ကင်းရှင်းရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရေး၊ ဝန်ဆောင်မှု ကောင်းမွန်ရေး၊ ခြိုးခြံချွေတာရေးကို အလေးထားရန်၊ ထို့ပြင် မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် နိုင်ငံပိုင် အလံတင်လေကြောင်းလိုင်း (Flag Carrier Airline) ဖြစ်သဖြင့် ရေရှည်အောင်မြင်စွာ ရပ်တည်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နည်းပညာဌာနကြီး ဟံသာဝတီရုံး၌ KDDI Sumitomo Corporation အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအောက်ရှိ တာဝန်ရှိသူများနှင့် ဆက်လက်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာမှ အသုံးပြုနေကြသည့် ခေတ်မီ နည်းပညာများကို လေ့လာ၍ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်၊ ယှဉ်ပြိုင် ဆောင်ရွက်နေရသည့် တယ်လီကွန်း ဈေးကွက်အတွင်း သုံးစွဲသူများ၏ လိုအပ်ချက်နှင့် အညီ ဈေးကွက်ပိုမိုရရှိစေရေး ထိုးဖောက်ဆောင်ရွက်သွားရန်၊ ဝင်ငွေ တိုးတက်ရရှိနိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆ ဆောင်ရွက်၍ အသုံးစရိတ်များ လျှော့ချသွားရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို သုံးစွဲခြင်း နည်းလမ်းဖြင့် စွမ်းအင်သုံးစွဲမှုကို နေရာဒေသအလိုက် ကုန်ကျစရိတ် သက်သာသည့်နည်းလမ်းများ ရှာဖွေ၍ ဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ ရောက်ရှိရာ ဦးဆောင် ညွှန်ကြားရေးမှူးက မြန်မာ့သင်္ဘောကျင်း လုပ်ငန်းက ရေယာဉ်များ တည်ဆောက်ခြင်း၊ ရေယာဉ်များပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ကမ်းရိုးတန်းသွား ကုန်သွယ်ရေယာဉ် တည်ဆောက်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆောလျင်စွာလုပ်ငန်း စတင်နိုင်ရေးနှင့် ဝန်ကြီးဌာနရှိ ဆက်စပ်ဌာန အဖွဲ့အစည်းများကလည်း မြန်မာ့သင်္ဘောကျင်း၏ လိုအပ်ချက်များအပေါ် ကူညီပံ့ပိုးပေးရန် မှာကြားသည်။

ထို့နောက် တန်ချိန် ၁၂၀၀၀ ရေလုံလွန်းကျင်း၌ ရေယာဉ်နှစ်စင်း လွန်းတင်ထားရှိမှု၊ လွန်းကျင်းအနီးရှိ ရေယာဉ်တည်ဆောက်နိုင်သည့် အမာခံလွင်ပြင်တွင် မြေပြုပြင်မှု အခြေအနေများနှင့် လွန်းတင်လွန်းချ အလုပ်ရုံမှ ရေယာဉ်ပြုပြင်ခြင်း လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးပြီး ဘဏ္ဍာငွေ တိုးတက်ရှာဖွေရေး အလေးထား ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန် စံညွှန်းများနှင့် အညီ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းအား သစ္စာအားမာန်(ယူ-၂၁)အသင်း အနိုင်ရရှိ

ရန်ကုန်ယူနိုက်တက် (ယူ-၂၁) အသင်း၏ MNL(U-21) Youth League ပွဲစဉ်(၅)အဖြစ် သစ္စာအားမာန် (ယူ-၂၁)အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး သစ္စာအားမာန်အသင်းက တစ် ဂိုး၊ ဂိုးမရှိ ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းပွဲကစားချိန်များတွင် ရန်ကုန်ယူနိုက်တက်လူငယ်အသင်းက ဂိုးပေါက်ကန်သွင်းခွင့်များ ဖန်တီးနိုင်ခဲ့သော်လည်း အဆုံးသတ်လွဲချော်မှုများကြောင့် ဂိုးကံခေခဲ့ရသည်။ ပွဲချိန်(၂၇) မိနစ်တွင် ရန်ကုန်ယူနိုက်တက် လူငယ်အသင်းမှ ပင်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ပြီး ထိုပင်နယ်တီကို ရဲဝင်းအောင်က ကန်သွင်းခဲ့သော်လည်း သစ္စာအားမာန်အသင်း၏ ဂိုးသမား ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက် လူငယ်အသင်းမှ

စာမျက်နှာ ၈ သို့ ✡